မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၅ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၀၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၂၀၃၀ ခုနှစ်တွင် စွမ်းအင်သုံးစွဲမှု နှစ်ဆခန့်ဖြစ်လာမည်ဟု မျှော်လင့်

စွမ်းအင်လိုအပ်မှု မြင့်တက်ခြင်းနှင့် လူဦးရေတိုးတက်ခြင်းတို့ကို ဂရုမပြုလျှင် ဆင်းရဲနွမ်းပါးမှု မြင့်တက်လာမည်

အမှာစကား ပြောကြား

သတ္တုတွင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် နဝမအကြိမ်မြောက် အာဆီယံ ကျောက်မီးသွေးကောင်စီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၄

AFOC အဖွဲ့ဝင်နိုင်ငံများ၏ ကျောက်မီးသွေးစွမ်းအင်အရင်းအမြစ် မတူညီခြင်းနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးမှု မတူညီခြင်းတို့ကြောင့် ထုတ်လုပ်မှုနှင့် သုံးစွဲမှုအဆင့်များ သာမန်အားဖြင့် ကွဲပြားမှုရှိပါကြောင်း၊ AFOC သည် ကျောက်မီးသွေးကုန်သွယ်မှုတိုးမြှင့်ရေး၊ နည်းပညာသစ်များတိုးတက်ရေး၊ ကာဗွန်ဖမ်းယူမှုနှင့် ထိန်းချုပ်မှု၊ ကျောက်မီးသွေး ဂက်စ်စီဖိုင်ယာတို့ကို ရေရှည်ရည်မှန်းချက်များနှင့် စီမံကိန်းများအဖြစ် ထင်ရှားစွာ ချမှတ်ထားပါကြောင်း၊ ထုတ်လုပ်သူနှင့် သုံးစွဲသူ နှစ်ဦးနှစ်ဖက် ကျေနပ်မှုရရှိမည့် ကာဗွန်ဖမ်းယူမှုနှင့် ထိန်းသိမ်းမှု နည်းပညာသစ်များ၊ ကျောက်မီးသွေး ဂက်စ်စီဖိုင်ယာ၊ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လုပ်မှု လျှော့ချရေး စသည်တို့ကို ယခုဖိုရမ်တွင် ဆွေးနွေးကြခြင်းဖြင့် အာဆီယံဒေသ ရေနံလုံခြုံရေး သဘောတူညီချက် (APSA) နှင့် အလားတူသည့် ထုတ်လုပ်မှုလုံခြုံရေးဖြစ်ပါကြောင်း၊ အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းမှုသည် အာဆီယံစွမ်းအင် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (APAEC 2010-2015) တွင် ဖော်ပြထားပြီးဖြစ်ကြောင်း၊ ဘဏ္ဍာရေးနှင့် နည်းပညာတို့ကို ဖွံ့ဖြိုးပြီးနိုင်ငံများ၏ အကူအညီဖြင့် ရှာဖွေရမှာဖြစ်ကြောင်းနှင့် JCOAL ၏ တန်ဖိုးရှိသောကူညီမှုများအတွက် ကျေးဇူးအထူးတင်ပါကြောင်းဖြင့် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်၌ ကျင်းပသည့် နဝမအကြိမ်မြောက် အာဆီယံကျောက်မီးသွေးကောင်စီ အစည်းအဝေးတွင် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က အဖွင့်အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

အဓိကအဖွဲ့

ထို့ပြင် အာရှပစိဖိတ်ဒေသသည် လူဦးရေတိုးမြှင့်မှုနှင့် စီးပွားရေးတိုးတက်မှုတို့ကြောင့် စွမ်းအင်သုံးစွဲမှု အများဆုံးဒေသများမှ တစ်ခုဖြစ်လာပါကြောင်း၊ ၂၀၃၀ ခုနှစ်တွင် စွမ်းအင်သုံးစွဲမှုသည် နှစ်ဆခန့်ဖြစ်လာမည်ဟု မျှော်လင့်ပါကြောင်း၊ စွမ်းအင်လိုအပ်မှု မြင့်တက်ခြင်းနှင့် လူဦးရေတိုးတက်ခြင်းတို့ကို ဂရုမပြုလျှင် ဆင်းရဲနွမ်းပါးမှု မြင့်တက်လာမှာဖြစ်ပါကြောင်း၊ သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်မီးသွေးကြောများကို ထိရောက်စွာဖော်ထုတ်ရန်နှင့် ပုဂ္ဂလိကကဏ္ဍ စူးစမ်းရှာဖွေမှုများအတွက် အခွင့်အလမ်းများပေးစွမ်းနိုင်ရန် ပုဂ္ဂလိက ကျောက်မီးသွေးသတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများကို ကျောက်မီးသွေးသတ္တုလုပ်ငန်းရှင်များအဖွဲ့အဖြစ် ဖွဲ့စည်းနိုင်ရန် စည်းရုံးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် ကျောက်မီးသွေးသတ္တုတွင်း လုပ်ငန်းရှင်များအဖွဲ့သည် ပုဂ္ဂလိက ကျောက်မီးသွေး ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၏ အဓိကအဖွဲ့ဖြစ်လာနိုင်ပါကြောင်း၊ ကုန်သွယ်မှု၊ နည်းပညာ၊ စဉ်ဆက်မပြတ်ရရှိနိုင်မှုနှင့် *စာမျက်နှာ ၃ ကော်လံ ၁* ✻

သဘာဝဘေးအန္တရာယ် ကာကွယ်ပြီး စီးပွားဖြစ်ထွန်းစေသည့် ပုဂ္ဂလိက ဒီရေတောစိုက်ခင်းများ တိုးချဲ့စိုက်ပျိုး

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ ခြင်ကျား(မအူပင်)

နေပြည်တော် ဩဂုတ် ၄

"ပျဉ်ဒရယ်"ကြိုးဝိုင်းသည် ဖျာပုံမြို့အနီးတွင် တည်ရှိပြီး ဖျာပုံမြို့မှ ကားဖြင့်သွားရောက်နိုင်သည်။ ပျဉ်ဒရယ်ကြိုးဝိုင်း၏ အရှေ့ဘက်သည် ဖျာပုံဖြစ်၍ အနောက်ဘက်သည် ပျဉ်ဒရယ်မြစ်ဖြစ်သည်။ ဘိုကလေးမြစ်အတိုင်းသွားလျှင် ပျဉ်ဒရယ်သည် အမာမြို့တွင် ပါဝင်သည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ❖

ပျဉ်ဒရယ်ကြိုးဝိုင်းတွင် စိမ်းစိုပိန်းပိတ်နေသည့် ဒီရေတောကို ဤသို့ တွေ့ရသည်။

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

စာ ကြည့် တိုက် အ ဆောက် အ အုံ သစ် ဖွင့်။ (စာ - ၁၁)

မအူပင်၌ စပါး ခင်း များ အ တွင်း ငါးမျိုးစိုက်ထည့်။ (စာ - ၁၁)

တစ်ဧက စပါးတင်း ၁၀၀ အထက်ထွက်ရှိရေး သီပွံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုး။ (စာ - ၆)

ယူ-၂၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ စပိန်အသင်း အီကွေဒေါကို အနိုင်ရ။ (စာ - ၁၀)

5-8 (01).pmd 1 8/5/2011, 2:06 AM

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဩဂုတ် ၅ ရက်)

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှု ပြည်သူများ လက်တွဲပါဝင်ဖော်ဆောင်

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့်အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ဩဂုတ်လ ၂ ရက်နေ့က ကျင်းပခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အာဟာရချို့တဲ့မှုများ လျော့နည်းပပျောက်ရေး၊ အာဟာရလွန်ကဲမှုပြဿနာ ကာကွယ်ရေး၊ အာဟာရပြည့်ဝမျှတစွာ စားသုံးတတ်သည့်ဓလေ့ ပိုမိုထွန်းကားလာရေးစသည့် ရည်မှန်းချက်များချမှတ်၍ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထုအတွင်း အာဟာရအသိပညာနှင့် လိုက်နာဆောင်ရွက်မှု အလေ့အထများ ပိုမိုတိုးတက်လာခြင်းနှင့်အတူ ကလေးငယ်များနှင့် အမျိုးသမီးများ၏ ကျန်းမာရေးသည်လည်း ပိုမိုကောင်းမွန်မြင့်မားလာမည်ဖြစ်သည်။

၂၀၁၁ ခုနှစ်အတွက် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများကို ဩဂုတ်လအတွင်း တစ်နိုင်ငံလုံးလွှမ်းခြုံပြီး ကျင်းပသွားမည်ဖြစ်သည်။ ၁၉၉၃ ခုနှစ်မှ စတင်၍ အကောင်အထည်ဖော်ခဲ့သည့် မိခင်နို့ စနစ်တကျတိုက်ကျွေးရေး စီမံချက်လုပ်ငန်းအရ မိခင်နို့ စနစ်တကျတိုက်ကျွေးသည့် ဆေးရုံများအဖြစ် ဆေးရုံပေါင်း ၅၂၇ ရုံနှင့် မိခင်နို့ စနစ်တကျတိုက်ကျွေးသည့် မြို့နယ်များ (အိမ်တွင်းမွေးဖွားခြင်း)အဖြစ် မြို့နယ်ပေါင်း ၁၈၈ မြို့နယ်အထိ သတ်မှတ်ဖော်ဆောင်နိုင်ခဲ့သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသက်ခြောက်လအောက်ကလေးငယ်များကို မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးခြင်းဖြင့် ငါးနှစ်အောက်ကလေးသေဆုံးမှုကို ၁၃ ရာခိုင်နှုန်းလျှော့ချနိုင်ပြီး မိခင်နို့ ဆက်လက်တိုက်ကျွေးရင်း အသက်ခြောက်လမှစတင်ကာ ဖြည့်စွက်အစာ စနစ်တကျကျွေးမွေးခြင်းဖြင့် သေဆုံးမှုခြောက်ရာခိုင်နှုန်း ထပ်မံလျှော့ချနိုင်ကြောင်း လေ့လာတွေ့ရှိရပေသည်။

မိခင်၏နို့ဦးရည်သည် ရောဂါကာကွယ်သော ပဋိဇီဝများ အများအပြားပါဝင်သဖြင့် မွေးကင်းစကလေးငယ်များအတွက် ဦးဆုံးရရှိသော ရောဂါကာကွယ်ဆေးဖြစ်သည့်အပြင် အာဟာရပြည့်ဝပြီး လုံလောက်မှုရှိသည်။ မိခင်၏နို့ရည်သည် ကလေးငယ်များအတွက် အကောင်းဆုံး သဘာဝအာဟာရ ဖြစ်သဖြင့် အသက်ခြောက်လအောက်ကလေးငယ်များအား မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ မိခင်နို့ စနစ်တကျတိုက်ကျွေးရေးနှင့် အာဟာရဆိုင်ရာ ဗဟုသုတများ ပြည်သူများအကြား စိမ့်ဝင်သွားရန် ပညာပေးစည်းရုံးရာ၌ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများကပါ လက်တွဲပါဝင် ကြိုးပမ်းဖော်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အင်္ဂပူမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုး

အင်္ဂပူ ဩဂုတ် ၄

အင်္ဂပူမြို့နယ် အုပ်ချုပ်ရေးမှူးရုံး၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၅ ရက် နံနက် ၉ နာရီက အင်္ဂပူမြို့နယ် ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ် (၉၆/၇)တွင် ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မွှေးမွှေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန နယ်မြေခံဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ကျွန်းပင်ပေါင်း ၁၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ပညာရည်ချွန်ဆုပေးပွဲ ပေါက်ခေါင်း၌ ကျင်းပ

ပေါက်ခေါင်း ဩဂုတ် ၄

၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၂၃ ရက် မွန်းလွဲ ၁ နာရီက ပေါက်ခေါင်းမြို့ အထက(ခွဲ) အိုးဘိုကုန်းကျောင်း၌ ကျင်းပသည်။

ဆုများချီးမြှင့်

အခမ်းအနားတွင် မိဘဆရာအသင်းဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေးတင့်က အမှာစကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးသိန်းဝင်းက အခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ၂၀၁၀- ၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မအေးမြဆွေအား ကျောင်းအုပ်ဆရာမကြီးက ဂုဏ်ပြုဆုချီးမြှင့်ပြီး **(အောက်ပုံ)**ဆုရကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ငါးမျိုးစိုက်ထည့်ပွဲ ပြည်မြို့၌ ကျင်းပ

ပြည် ဩဂုတ် ၄

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်တွင် ငါးသယံဇာတတိုးပွားရေးနှင့် ငါးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် သဘာဝမြစ်ချောင်းရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီက ပြည်မြို့ခေတ္တရာဇရာပန်းဥယျာဉ် ဆိပ်ခံဇောတံတား၌ ကျင်းပသည်။

မျိုးစိုက်ထည့်

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုံ့မော်နှင့်ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးမြင့်နိုင်တို့ ဦးဆောင်လျက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဧရာဝတီမြစ်အတွင်းသို့ ငါးမြစ်ချင်းများ မျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ဖလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော မြို့ဝင်ဆိုင်းဘုတ်အနီး မြေယာရှုခင်း အလှပြုပြင်ထားရှိမှုကို ဇူလိုင် ၂၇ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကျေးရွာချင်းဆက်လမ်း ဘားအံ၌ ကျောက်ချောခင်း

ဘားအံ ဩဂုတ် ၄

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော အရှည်ပေ ၃၉၀၀ရှိ ဘားကပ်-နှစ်ခြား-ဝဲကြီး-ရေကျော် ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်းကို ဇွန် ၂၆ ရက်က ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည်ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးနီထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

လယ်ယာကဏ္ဍ တစ်ခေတ်ဆန်းလာအောင် မလျှော့သောဇွဲလုံ့လဖြင့် ကြိုးစား တိုးတက်နေသော သိပ္ပံနည်းပညာရပ်များနှင့် ကိုက်ညီအောင်အားထုတ်လုပ်ကိုင်

နေပြည်တော် ဩဂုတ် ၄

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဩဂုတ် ၂ ရက် မွန်းလွဲ ၁ နာရီတွင် မိတ္ထီလာစက်မှုလယ်ယာသင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းခန်းမ၌ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်မှ ထွန်စက်မောင်းသင်တန်းနှင့် လယ်ယာသုံးစက်ကိရိယာ ကြံ့ခိုင်ရေးသင်တန်းများ တက်ရောက်နေကြသော သင်တန်းအမှတ်စဉ် (၂/၂၀၁၁)နှင့် (၃/၂၀၁၁)တို့မှ သင်တန်းသား ၇၈ ဦး၊ ကျောင်းအုပ်ကြီးနှင့် နည်းပြများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် စက်မှုလယ်ယာဦးစီးဌာနက ထုတ်လုပ်သည့် လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုစစ်ဆေးပြီး လက်တွေ့လေ့ကျင့် သင်ကြားနေကြသော သင်တန်းသားများအား ကြည့်ရှုအားပေးသည်။

ယင်းနောက် မွန်းလွဲ ၂ နာရီတွင် ဝမ်းတွင်းမြို့နယ်အနီး ရွှေတောင်စိုက်ပျိုးရေးသုတေသနခန်းမ၌ မြန်မာ့စက်မှုသီးနှံလုပ်ငန်းဌာန ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက ရွှေတောင်စိုက်ပျိုးရေးသုတေသနခြံဝင်းအတွင်း ဝါသီးနှံ၊ နေကြာသီးနှံနှင့် စပါးသီးနှံတို့အား သုတေသနပြုလုပ်၍ မျိုးစေ့ထုတ်လုပ်နေမှုလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မြေယာကို သုတေသနစွမ်းအားဖြင့် အကျိုးရှိစွာ အသုံးချပြီး နိုင်ငံတော်နှင့် တောင်သူလယ်သမားများအတွက် ဆန်စပါးနှင့် စားသုံးဆီလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး၊ ပြည်သူများ၏ ဝတ်ရေးအတွက် ဝါသီးနှံအား ပိုမိုဖွံ့ဖြိုးတိုးတက် ထုတ်လုပ်နိုင်ရေးတို့ကို ဆွေးနွေး မှာကြားသည်။

ကြိုတင်ဆောင်ရွက်

ယင်းနောက် ဆန်စပါးသုတေသနဌာနမှ စိုက်ပျိုးရေးပညာရှင် ဒုတိယအထွေထွေမန်နေဂျာ ဦးနိုင်ကြည်ဝင်းက အထူးအထွက်တိုး စပ်မျိုးစပါး မျိုးစေ့များကို ရွှေတောင်စိုက်ပျိုးရေးသုတေသနခြံအတွင်း သုတေသနပြုလုပ် စိုက်ပျိုးထုတ်လုပ်နိုင်မည့် အခြေအနေများနှင့် ပညာရှင်များလိုအပ်ချက် မိဘလိုင်း၊ အဖိုလိုင်း၊ အမလိုင်း အပါအဝင် ဧက ၁၃၀အတွက် အဘက်ဘက်က ကြိုတင်ဆောင်ရွက်ပြီး အသင့်ဖြစ်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပညာရှင်များအနေဖြင့် မိမိတို့တတ်ကျွမ်းသင်ယူထားသည့် ပညာရပ်များကို အခြေအနေအချိန်အခါ၏ လိုအပ်ချက်နှင့် ကိုက်ညီစွာ လက်တွေ့ နိုင်ငံတော်အတွက် လယ်ယာကဏ္ဍ တစ်ခေတ်ဆန်းလာအောင် မလျှော့သောဇွဲလုံ့လဖြင့် ကြိုးစားရမည်ဖြစ်ကြောင်း၊ တိုးတက်နေသော သိပ္ပံနည်းပညာရပ်များနှင့် ကိုက်ညီအောင် အခြားသောနိုင်ငံများထက် နှစ်ဆ၊ သုံးဆတက်ညီလက်ညီ ကြိုးစားအားထုတ်ခြင်းဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ရွှေတောင်စိုက်ပျိုးရေးသုတေသနခြံအတွင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသော တစ်လသားအရွယ် အထူးအထွက်တိုး စပ်မျိုးနေကြာစိုက်ခင်းများနှင့် အထူးအထွက်တိုး စပ်မျိုးစပါးမျိုးစေ့ထုတ်ရန် တစ်ဆက်တစ်စပ်တည်း ဧကများ ဖော်ထုတ်ထားပြီးဖြစ်သော စုစုပေါင်းဧက ၁၃၀ လယ်ကွင်းများအတွင်း မြေယာဖော်ထုတ်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် မိတ္ထီလာစက်မှုလယ်ယာသင်တန်းကျောင်း၌ စက်မှုလယ်ယာဦးစီးဌာနက ထုတ်လုပ်သည့် လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ ရာထူး၊ ဌာန
(က) ဒေါ်မြတ်မြတ်စိုး	ညွှန်ကြားရေးမှူးချုပ် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
(ခ) ဦးကျော်ဝင်း	ညွှန်ကြားရေးမှူးချုပ် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
(ဂ) ဦးတင်မိုး	ညွှန်ကြားရေးမှူးချုပ် မီးသတ်ဦးစီးဌာန လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ ဌာန
(က) ဒေါ်သိန်းညွှန့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုရာထူးဝန်အဖွဲ့	ညွှန်ကြားရေးမှူးချုပ် ဝန်ထမ်းရေးရာဦးစီးဌာန ပြည်ထောင်စုရာထူးဝန်အဖွဲ့
(ခ) ဦးချိုသန်းမောင် အထွေထွေမန်နေဂျာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ပို့ဆောင်ရေးဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ပို့ဆောင်ရေးဝန်ကြီးဌာန
(ဂ) ဦးကျော်ဒိုလှ အထွေထွေမန်နေဂျာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန

နဝမအကြိမ်မြောက် အာဆီယံ ကျောက်မီးသွေးကောင်စီ အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

အာဆီယံစွမ်းအင် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (APAEC 2010-2015) နည်းလမ်းများကဲ့သို့ ကျောက်မီးသွေးစက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို မျှော်တွေးရင်းအာဆီယံကျောက်မီးသွေးကောင်စီအတွက် အကျိုးဖြစ်ထွန်းသော ဆွေးနွေးမှုဖြစ်ပါစေကြောင်းဖြင့် ထပ်လောင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နဝမအကြိမ်မြောက် အာဆီယံ ကျောက်မီးသွေးကောင်စီ အစည်းအဝေးကို ဆက်လက်ကျင်းပရာ အာဆီယံကျောက်မီးသွေးကောင်စီဥက္ကဋ္ဌ Dr. M. LOBO BALIA နှင့် အာဆီယံ ဗဟိုစွမ်းအင်ဌာန ယာယီအမှုဆောင်ဒါရိုက်တာ Mr. CHRISTOPHER G. ZAMORA တို့က အဖွင့်အမှာစကား ပြောကြားကြပြီး အာဆီယံကျောက်မီးသွေးကောင်စီအလှည့်ကျဥက္ကဋ္ဌအဖြစ် သတ္တုတွင်းဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းထိန်အား ရွေးချယ်တင်မြှောက်ကြသည်။

အစည်းအဝေးကို ဆက်လက်ကျင်းပရာ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးအရင်းအမြစ်နှင့် လက်ကျန်အခြေအနေ၊ ကျောက်မီးသွေးဆင့်တက်ပြုလုပ်ခြင်း၊ CCT နှင့်ကာဗွန် ဖမ်းယူခြင်းနည်းပညာ၊ ကျောက်မီးသွေးဈေးနှုန်း အညွှန်းကိန်း၊ ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံများ၏ စွမ်းရည်မြှင့်တင်မှုကဏ္ဍကိုလည်းကောင်း၊ မလေးရှားနိုင်ငံမှ အာဆီယံဒေသတွင်း ကျောက်မီးသွေးအရည်အသွေး စစ်ဆေးခြင်း၊ အာဆီယံဒေသတွင်း ကျောက်မီးသွေး အသုံးပြုမှုနှင့် ကုန်သွယ်မှုကဏ္ဍကို လည်းကောင်း၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံမှ အအောင်မြင်ဆုံး CCT နမူနာတစ်ခုကဏ္ဍကိုလည်းကောင်း၊ ထိုင်းနိုင်ငံမှ သဘာဝပတ်ဝန်းကျင်မထိခိုက်စေရေးနှင့် ကျောက်မီးသွေးအားသာမှုများ၊ အာရှရှေ့ဆောင် CCT၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုကဏ္ဍကို လည်းကောင်း၊ ဖိလစ်ပိုင်သမ္မတနိုင်ငံမှ ကျောက်မီးသွေးသုံးစက်ကိရိယာများ တစ်ပြေးညီဖြစ်စေရေး၊ ကျောက်မီးသွေးဆိုင်ရာ ဆုတံဆိပ်များ အပ်နှင်းမှု ကဏ္ဍကိုလည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံမှ အာဆီယံ ကျောက်မီးသွေးသတင်းစာ ဖြန့်ချိမှုကဏ္ဍကိုလည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ကျောက်မီးသွေးဆိုင်ရာ ပုဂ္ဂလိက အခန်းကဏ္ဍ မြှင့်တင်ရေး၊ မြန်မာနိုင်ငံ ကျောက်မီးသွေး အလားအလာကဏ္ဍကို လည်းကောင်း၊ ဂျပန်နိုင်ငံမှ ဂျပန်နိုင်ငံနှင့်အာဆီယံနိုင်ငံများအကြား အနာဂတ် ကျောက်မီးသွေး ကုန်သွယ်မှု ကဏ္ဍကိုလည်းကောင်း အသီးသီး ကျယ်ပြန့်စွာဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် နဝမအကြိမ်မြောက် အာဆီယံကျောက်မီးသွေး ကောင်စီ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအား သတ္တုတွင်းဝန်ကြီးဌာနက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးသည်။

အဆိုပါ နဝမအကြိမ်မြောက် အာဆီယံကျောက်မီးသွေး ကောင်စီ အစည်းအဝေးသို့ အာဆီယံဗဟိုစွမ်းအင်ဌာန၊ အာဆီယံကျောက်မီးသွေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် ဂျပန်နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ကျောက်ဆည်မြို့ အထက(၂) ပဥ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

နေပြည်တော် ဩဂုတ် ၄

ကျောက်ဆည်မြို့ အထက(၂) ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဥ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဩဂုတ် ၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျောက်ဆည်မြို့ အထက(၂) ခန်းမဆောင်၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

အနယ်နယ်အရပ်ရပ်မှ ကန်တော့ခံမည့် ဆရာကြီး ဆရာမကြီးများ ၆၂ ဦး တက်ရောက်ကြမည် ဖြစ်သဖြင့် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် အာစရိယပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်ကြရန် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီက တိုက်တွန်းနှိုးဆော်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

မိခင်နို့တိုက်ကျွေးခြင်းဆိုင်ရာ ဟောပြောပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၄

အကြိမ်(၂၀)မြောက် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှုကို ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၌ ကျင်းပလျက်ရှိပြီး မိခင်နို့တိုက်ကျွေးခြင်းဆိုင်ရာ ကျန်းမာရေးပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် အဆိုပါ ဆေးရုံကြီး အရေးပေါ်ဌာနရှိ Day Care ခန်းမ၌ ကျင်းပသည်။

ဟောပြော

ဟောပြောပွဲတွင် ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်တင်ညိုညိုလတ်က အကြိမ်(၂၀)မြောက် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ် ဆောင်ပုဒ်"ရင်သွေးငယ်တို့ကျန်းမာဖို့၊ ရိုင်းပင်းကူညီဆွေးနွေးလို့၊ မိခင်နို့ချိုတိုက်ကျွေးစို့" နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒေါက်တာစိုးလွင် (တွဲဖက်ပါမောက္ခ၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး)က မိခင်နို့တိုက်ကျွေးရေးဆိုင်ရာ သိကောင်းစရာများအကြောင်းကို လည်းကောင်း၊ ဒေါက်တာဒေါ်နှင်းဦး (မွေးကင်းစကလေးအထူးကုဆရာဝန်)က မွေးကင်းစကလေးငယ်များအား မိခင်နို့ စနစ်တကျတိုက်ကျွေးခြင်းအကြောင်းကို လည်းကောင်း၊ သူနာပြုဆရာမကြီး ဒေါ်လှဲ့လှဲ့ဝင်းက ကိုယ်ဝန်ဆောင် မိခင်နှင့် နို့တိုက်မိခင်များ အာဟာရပြည့်ဝစွာ စားသောက်ရေးအကြောင်းကို လည်းကောင်း ဟောပြောကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် မြောက်ပိုင်းရပ်ကွက် အောင်သပြေလမ်းမ သံကူကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဇူလိုင် ၂၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးလွင်ထွေးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မိုးမိတ်၌ ကျောက်ချောလမ်းခင်း

မိုးမိတ် ဩဂုတ် ၄

မိုးမိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ကျေးလက်လမ်းတံတားလုပ်ငန်းဖြစ်သော ကွမ်းတောအင်းရွာအဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဇူလိုင် ၂၈ ရက်က အမှုဆောင်အရာရှိ ဦးစိုင်းခွန်ဖော်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မျိုးထွန်းတို့ ကြီးကြပ်လျက် အဖွဲ့ဝန်ထမ်းများဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

သွေးသည် အသက်

ပလတ်စတစ်နှလုံးဖြင့် အစားထိုးကုသမှု ဗြိတိန်၌ ပထမဆုံးအကြိမ်အောင်မြင်စွာဆောင်ရွက်

လန်ဒန် ဩဂုတ် ၄

ဗြိတိန်နိုင်ငံ ကင်းဘရစ်ရှိုင်းယားမြို့ ပက်ဝက်(သ်) ဆေးရုံ၌ နှလုံးရောဂါဖြင့် သေလုမျောပါးဖြစ်နေသော အသက် ၄၀အရွယ်ရှိ အမျိုးသားတစ်ဦးသည် ပလတ်စတစ်နှလုံးအစားထိုး ကုသမှုခံယူပြီးနောက် ကျန်းမာစွာဖြင့် ဆေးရုံမှ ဆင်းသွားနိုင်ခဲ့ပြီဖြစ်ကြောင်း ဩဂုတ် ၃ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

မွေးဖွားပေး

အဆိုပါအမျိုးသားမှာ မက်သရူးဂရင်းဆိုသူဖြစ်ပြီး **(ဝဲပုံ)** ကျောနောက်ဘက်အတွင်း နှလုံးနှိုးစက်ထည့်သွင်းပေးလိုက်ခြင်းဖြင့် ၎င်း၏ဘဝသစ်ကို တစ်ဖန်မွေးဖွားပေးလိုက်နိုင်ခဲ့ပြီဖြစ်ကြောင်း ခွဲစိတ်ဆရာဝန် မစ္စတာစတီးဗင်တီဘွိုင်းက ပြောကြားသည်။

ဗြိတိန်နိုင်ငံတွင် ထိုသို့နှလုံးတစ်ခုလုံးအား နှလုံးတုဖြင့် အစားထိုးကုသပေးခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။ သို့သော်လည်း အလားတူခွဲစိတ်ကုသမှုများ ကမ္ဘာတစ်ဝန်း အကြိမ် ၉၀၀ ခန့် ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အစားထိုး

"ကျွန်တော်ဟာ ပလတ်စတစ်နှလုံးနဲ့ အစားထိုးကုသခဲ့လို့ ဘဝသစ်ကို ပြန်လည်စတင်နိုင်ပါပြီ။ ယခင်က လမ်းတောင် မလျှောက်နိုင်ပါဘူး။ ယခုဆိုရင် လှေကားတောင် တက်နိုင်ပါပြီ။ သာမန်လူတစ်ယောက်လို သွားနိုင်လာနိုင်ပါပြီ" ဟု မစ္စတာဂရင်းက ပြောကြားသည်။ မစ္စတာဂရင်းအား ဇူလိုင် ၉ ရက်က အဆိုပါဆေးရုံ၌ နှလုံးအစားထိုး ခွဲစိတ်ပေးခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ခန်းဝင်ပစ္စည်းများ အဆမတန်ပေးရမှုကြောင့် အိန္ဒိယမိန်းမချောလေးများ အိမ်ထောင်ပြုရန် အခက်ကြုံ

နယူးဒေလီ ဩဂုတ် ၄

အိန္ဒိယအမျိုးသမီးများသည် လှပင်လှငြားသော်လည်း သတို့သားမိသားစုဘက်သို့ပေးရသော မင်္ဂလာခန်းဝင်ပစ္စည်းများ အဆမတန်များပြားနေခြင်းကြောင့် လက်ထပ်ထိမ်းမြားရန် အခက်ကြုံနေကြရကြောင်း ဩဂုတ် ၃ ရက်က အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံတွင် သတို့သမီးမိသားစုများက သတို့သားမိသားစုများသို့ မင်္ဂလာခန်းဝင်ပစ္စည်းပေးဆောင်ရသည်မှာ ထုံးတမ်းအစဉ်အလာတစ်ရပ်ကဲ့သို့ ဖြစ်နေသည်။ **(ယာပုံ)**

တောင်းခံ

သတို့သားများက သတို့သမီးတို့ထံမှ များပြားလှသော ငွေကြေးအပါအဝင် လယ်ယာမြေများ၊ ကျွဲနွားတိရစ္ဆာန်များ၊ အိမ်ထောင်ပရိဘောဂများနှင့် လျှပ်စစ်ပစ္စည်းများစသည်တို့ကို ခန်းဝင်ပစ္စည်းအဖြစ် တောင်းခံလေ့ရှိကြသည်။

ထို့ကြောင့် အိန္ဒိယအမျိုးသမီးတို့သည် အလွန်ပင်လှပကြသော်လည်း အိမ်ထောင်ပြုရန် အခက်ကြုံကြရကြောင်း သတင်းတွင် ဖော်ပြထားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ

ဇော်ဦးခိုင် - စုစည်းသည်

ဓားပြအတိုက်ခံရသူများကို ကားတိုက်၊ ၁၃ ဦးသေဆုံး

အဘူဂျာ ဩဂုတ် ၄

နိုင်ဂျီးရီးယားနိုင်ငံတွင် ဓားပြတိုက်ခံနေရသည့် ခရီးသည်များကို နောက်ကားတစ်စီးက ဝင်တိုက်ခဲ့သည့် အဖြစ်ဆိုးတစ်ရပ်ဖြစ်ပွားခဲ့ကြောင်း ရဲဌာနက ဩဂုတ် ၃ ရက်၌ ပြောကြားသည်။ ဩဂုတ် ၂ ရက် နံနက် အစောပိုင်းတွင် လိုဂိုဂျာမြို့မှ နိုင်ငံ၏မြို့တော် အဘူဂျာသို့ မောင်းနှင်လာသည့် ဇိမ်ခံဘတ်စ်ကားတစ်စီးပေါ်မှ ခရီးသည်များကို ဓားပြများက လမ်းမပေါ်မှောက်ခိုင်းပြီး ကားပေါ်ရှိ ပစ္စည်းများကို ရှာဖွေနေကြစဉ် အခြားကားတစ်စီးက အရှိန်ဖြင့်မောင်းပြေးရာမှ ဝင်ကြိတ်သွားခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်တွင် ၁၃ ဦးသေဆုံးပြီး ဒဏ်ရာရရှိသူများပြားခဲ့သည်။ ***(အင်တာနက်)***

ဗြိတိန်တွင် ပေါင်သန်း ၃၀၀ ဖိုး ကိုကင်းများဖမ်းမိ

ဆောက်သမ်တန် ဩဂုတ် ၄

ဗြိတိန်နိုင်ငံ ဆောက်သမ်တန်၌ ကိုကင်း ၁ ဒသမ ၂ တန်ကို ဖမ်းဆီးရမိခဲ့ကြောင်း ဩဂုတ် ၃ ရက်တွင် ရဲအရာရှိများက ပြောကြားသည်။ ပေါက်ဈေးပေါင်သန်း ၃၀၀ တန်ဖိုးရှိ ယင်းကိုကင်းများကို ၆၅ ပေ ရှည်သည့် ပေါင်တစ်သန်းတန် ဇိမ်ခံရွက်သင်္ဘောပေါ်မှ ဖမ်းမိခဲ့ခြင်းဖြစ်သည်။ နိုင်ငံအတွင်း ပမာဏအများဆုံး မူးယစ်ဆေးဝါးများ ဖမ်းဆီးနိုင်ခဲ့သည့် ယခုအမှုနှင့်အတူ လူခြောက်ဦးလည်း ဖမ်းဆီးထားကြောင်း သိရှိရသည်။ *(အင်တာနက်)*

ပါကစ္စတန်၌ ကန်မောင်းသူမဲ့လေယာဉ် တိုက်ခိုက်

***အစ္စလမ်မာဘတ်** ဩဂုတ် ၄*

ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် အမေရိကန်မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုကြောင့် လေးဦးသေဆုံးခဲ့သည်။ မြောက်ဝါဇီရစ္စတန် မီရန်ရှာနယ်မြေတွင် ဩဂုတ် ၂ ရက် ည ၉ နာရီခန့်က အကြမ်းဖက်သမားများဟု မသင်္ကာသူများ လိုက်ပါလာသည့် မော်တော်ယာဉ်များကို မောင်းသူမဲ့လေယာဉ်မှ ဒုံးကျည်နှစ်စင်းပစ်လွှတ်ကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ***(အင်တာနက်)***

အိန္ဒိယတွင် ဂျက်တိုက်လေယာဉ်ပျက်ကျ

နယူးဒေလီ ဩဂုတ် ၄

အိန္ဒိယနိုင်ငံ ရာဂျာစတန်ပြည်နယ် အနောက်ပိုင်းတွင် ဂျက်တိုက်လေယာဉ်တစ်စင်းပျက်ကျ၍ လေယာဉ်မှူးသေဆုံးခဲ့သည်။ ဩဂုတ် ၂ ရက်က ပုံမှန်ပျံသန်းမှုပြုစဉ် ဘီကန်နာမြို့မှ ၁၅ ကီလိုမီတာအကွာတွင် ပျက်ကျခြင်းဖြစ်သည်။ လေယာဉ်မှူးက ခလုတ်နှိပ်ကာ ထိုင်ခုံနှင့်တကွ လေယာဉ်အပြင်ဘက်သို့ လွတ်ထွက်ခဲ့သော်လည်း ထိခိုက်မှုဖြစ်ကာ ဒဏ်ရာကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်။ *(အင်တာနက်)*

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - ရေးသားသည်

ရုရှားယာဉ်မှူးနှစ်ဦး အာကာသအတွင်းလမ်းလျှောက်

မော်စကို ဩဂုတ် ၄

နိုင်ငံတကာအာကာသယာဉ်စခန်း (အိုင်အက်စ်အက်စ်)သို့ ရောက်ရှိနေသော ရုရှားအာကာသယာဉ်မှူးနှစ်ဦးတို့ **(အပေါ်ပုံ)**သည် ဩဂုတ် ၃ ရက်က နိုင်ငံတကာအာကာသယာဉ်စခန်းမှ ကီဒါအမည်ရှိ ဂြိုဟ်တုငယ်တစ်လုံးကို ဖယ်ခွာပေးနိုင်ခဲ့သည့်အပြင် အာကာသအတွင်း ခြောက်နာရီကြာမျှ လမ်းလျှောက်ခဲ့ကြကြောင်း မော်စကိုမြို့အနီး အာကာသယာဉ်ထိန်းချုပ်ရေးစခန်းမှ ဩဂုတ် ၄ ရက်၌ သတင်းထုတ်ပြန်သည်။

ရုရှားအာကာသယာဉ်မှူးနှစ်ဦးဖြစ်သည့် ဆာဂျီဗိုလ်ကော့ဗ်နှင့် အလက်ဇန္ဒားဆာမိုကော့ယာယက်ဗ်တို့သည် အာကာသအတွင်း လမ်းလျှောက်ရန် သတ်မှတ်ချိန်ထက် မိနစ် ၂၀ နောက်ကျခဲ့ရသည်။ ယင်းမှာ ပြီးခဲ့သည့် ဇန်နဝါရီလက နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ ပေးပို့ထားသော ကီဒါဂြိုဟ်တုမှ အင်တင်နာနှစ်ချောင်းအနက် ပျောက်ဆုံးသွားသော အင်တင်နာတစ်ချောင်းကို ရှာဖွေနေ၍ ဖြစ်သည်။

၎င်းကီဒါဂြိုဟ်တုကို ရုရှားကျောင်းသားများက ပြုလုပ်ထားခြင်းဖြစ်ပြီး ရုရှားနိုင်ငံသား အာကာသယာဉ်မှူး ယူရီဂါဂါရင်၏ အာကာသအတွင်းပျံသန်းမှုနှစ်(၅၀)မြောက်အထိမ်းအမှတ်အဖြစ် ထုတ်လုပ်ထားခြင်းဖြစ်သည်။ ကီဒါဂြိုဟ်တုသည် နိုင်ငံတကာအာကာသယာဉ်စခန်းမှ သတင်းအချက်အလက်များနှင့် ကမ္ဘာဂြိုဟ်ပုံရိပ်ကို အရွယ်အစားကြီးမားပြတ်သားစွာ ရယူထုတ်ပြန်ပေးနိုင်ပြီး သတင်းအချက်အလက်နှင့် မှတ်တမ်းများကို ဘာသာပေါင်း ၁၅ မျိုးဖြင့် မြေပြင်စခန်းသို့ ထုတ်ပြန်ပေးနိုင်သည်။ ရုရှားအာကာသယာဉ်မှူးနှစ်ဦးတို့သည် အာကာသအတွင်း လမ်းလျှောက်စဉ် နိုင်ငံတကာအာကာသယာဉ်စခန်းအပြင်ဘက် မျက်နှာပြင်၌ ဗီဒီယိုတပ်ဆင်မှုအသစ်ပြုလုပ်ခဲ့ပြီး ယင်းဗီဒီယို၌ ရုရှားအာကာသယာဉ်မှူးများဖြစ်သော ယူရီဂါဂါရင်၊ ဆာဂျီကိုရိုလ်ယော့ဗ်နှင့် ကွန်စတန်တင်စီရိုလ်ကော့ဗ်စကီးတို့၏ ရုပ်ပုံများကို ထုတ်လွှင့်ထားမည်ဖြစ်သည်။ **(အင်တာနက်)**

ဖိလစ်ပိုင်အလယ်ပိုင်းနှင့်မြောက်ပိုင်းသို့ မုန်တိုင်းတိုက်ခတ်

မနီလာ ဩဂုတ် ၄

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းနှင့်မြောက်ပိုင်းဒေသတို့တွင် မူအီဖာအမည်ရှိ တိုင်ဖွန်းမုန်တိုင်း ဩဂုတ် ၃ ရက်က ဝင်ရောက်တိုက်ခတ်မှုကြောင့် ဒေသခံငါးဦး သေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း၊ အိမ်များပျက်စီးခဲ့ပြီး ပြည်သူထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း ဖိလစ်ပိုင်နိုင်ငံ အမျိုးသားသဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီက ဩဂုတ် ၄ ရက်၌ သတင်းထုတ်ပြန်သည်။ ***(ယာပုံ)***

နစ်မြုပ်

၎င်းမုန်တိုင်း တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းလျက်ရှိရာ ဘိုဟိုလ်ပြည်နယ်တွင် မြေပြိုမှုဖြစ်ပွားပြီး ကလေးငယ်နှစ်ဦးသေဆုံးခဲ့သည်။ တစ်ဖန် ဘူလာကန်ပြည်နယ်တွင် ငါးဖမ်းသမားနှစ်ဦးမှာ ၎င်းတို့၏ ငါးဖမ်းလှေနစ်မြုပ်ပြီး သေဆုံးခဲ့ရသည့်အပြင် မနီလာမြို့တွင် မုန်တိုင်းကြောင့် အမျိုးသမီးကြီးတစ်ဦး သေဆုံးခဲ့ရသည်။

အဆိုပါမုန်တိုင်းကြောင့် ဖိလစ်ပိုင်မြောက်ပိုင်းဒေသများတွင် မိသားစုဝင် ၁၄၀၀၀ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။ တစ်ဖန် ရေလွှမ်းမှုများကြောင့် စာသင်ကျောင်းများပိတ်ထားရသည်။ မူအီဖာမုန်တိုင်းသည် တစ်နာရီ ၁၆၅ ကီလိုမီတာနှုန်း တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး အိုးအိမ်အဆောက်အအုံပျက်စီးမှု တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၉ ဒသမ ၄၃ သန်းခန့်နှင့် ကောက်ပဲသီးနှံပျက်စီးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၂၉ သန်းခန့်ဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။ ***(အင်တာနက်)***

အင်ဒိုနီးရှား၌ ရဟတ်ယာဉ်ပျက်ကျ၊ ရွှေမိုင်းတွင်းလုပ်သား ၁၀ ဦး သေဆုံး

ဂျကာတာ ဩဂုတ် ၄

အင်ဒိုနီးရှားနိုင်ငံ မြောက်စုလာဝေစီပြည်နယ်တွင် ဩဂုတ် ၃ ရက်က ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ်လိုက်ပါလာသူ ၁၀ ဦးစလုံး သေဆုံးခဲ့ကြောင်း အင်ဒိုနီးရှားကယ်ဆယ်ရေးအဖွဲ့များက ဩဂုတ် ၄ ရက်၌ ပြောကြားသည်။ *(အောက်ပုံ)*

တွေ့ရှိခဲ့

၎င်းရဟတ်ယာဉ်သည် ရူဒီယန်တိုမြို့ ဒူရာဆူဒါရာတောင်အနီး ပျက်ကျခဲ့ခြင်းဖြစ်ပြီး မြောက်ဆူလာဝေစီပြည်နယ် ကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေတွေ့ရှိခဲ့ကြခြင်း ဖြစ်သည်။

ရဟတ်ယာဉ်ပေါ်တွင် လိုက်ပါလာသူများအနက် ကိုးဦးမှာ ပွဲချင်းပြီး သေဆုံးပြီး တစ်ဦးမှာ ဆေးရုံသို့တင်ပို့ရာ ဆေးကုသမှုခံယူစဉ် သေဆုံးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရဟတ်ယာဉ်ပေါ်လိုက်ပါလာသူများမှာ ဩစတြေးလျနိုင်ငံသားသုံးဦး၊ အာဖရိကနိုင်ငံသား နှစ်ဦးနှင့် အင်ဒိုနီးရှားနိုင်ငံသားငါးဦးတို့ ဖြစ်ကြသည်။ ကယ်ဆယ်ရေးအဖွဲ့များက အကူအညီပေးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တင်ဆောင်

ယင်းရဟတ်ယာဉ်မှာ အင်ဒိုနီးရှားနိုင်ငံ ဟာလ်မာဟီရာ ရွှေမိုင်းတွင်းမှ အလုပ်သမားများကို တင်ဆောင်ပျံသန်းလာသော ယီမင်အဲလိုင်းမှ ရဟတ်ယာဉ်ဖြစ်သည်။

(အင်တာနက်)

နိုင်ငံကိုစွန့်ခွာခြင်း

မောင်တင်အေး(သရက်)

သည်အကြောင်းအရာကို စာတစ်ပုဒ်အဖြစ် ရေးချင်နေခဲ့သည်မှာ အတော်ကြာပြီ။ ကနေ့အချိန်အခါတွင်တော့ ရေးချိန်တန်ပြီဟု ယူဆမိ၍ ရေးဖြစ်ပါသည်။ စာရေးသူ၏အမြင်မျှသာဖြစ်၍ လက်သင့်မခံလိုသူတို့လည်း ရှိပေလိမ့်မည်။

ကမ္ဘာပေါ်တွင် ယေဘုယျအားဖြင့် နိုင်ငံမဲ့လူသားနှင့် နိုင်ငံရှိလူသားဟူ၍ ခွဲခြားရှုမြင်လိုသည်။ ခေါင်းစဉ်အရ ပိုင်းခြားခြင်းဖြစ်ပါ၏။

ဒီနေ့ခေတ်သတင်းစာများ၌ နိုင်ငံကိုဖော်ထုတ်ရန် ကြိုးစားကြသူများ၊ လက်ရှိ ကမ္ဘာ့မြေပုံမှ မိမိနိုင်ငံ ပျောက်ကွယ်မသွားရေး အပတ်တကုတ် ကြိုးပမ်းနေကြသူများအကြောင်း ဖတ်ရှုနေကြရသော်လည်း ထိုအချက်ကို ထိုအမြင်ဖြင့် သတိပြုမိမှ ပြုမိကြပေလိမ့်မည်။ သာဓကအားဖြင့် ပါလက်စတိုင်းလူမျိုးများသည် နိုင်ငံတစ်ခုအဖြစ် ကမ္ဘာ့မြေပုံတွင် ဖြည့်သွင်းနိုင်ရန် နှစ်ပေါင်းများစွာ ကြိုးပမ်းနေရသော်လည်း ယနေ့တိုင် အောင်မြင်မှုမရနိုင်သေးသည်ကို တွေ့ရ၏။

အစ္စရေးနိုင်ငံသည်ကား ကမ္ဘာ့မြေပုံပေါ်တွင်လည်းကောင်း၊ ကုလသမဂ္ဂတွင်လည်းကောင်း မှတ်တမ်းဝင်ပြီးသောနိုင်ငံဖြစ်၏။ အစ္စရေးလူမျိုးတို့သည် မိမိတို့အားဝန်းရံနေသော ရန်သူများ၏ အန္တရာယ်ကို အခါမလပ် သတိချပ်ရင်း နိုင်ငံမပျောက်ပျက်ရေးအတွက် အမျိုးသားရေးအမြင်၊ အသွင်ဖြင့် အစဉ်ကြိုးပမ်းလျက်ရှိကြ၏။

တင်ပြခဲ့သောနိုင်ငံများ၊ လူမျိုးများ၏သမိုင်းကြောင်း မည်သို့ရှိသည်၊ မည်သို့ဖြစ်ချင်သည် စသည့်ကိစ္စတို့သည် မိမိတို့အလုပ်၊ မိမိတို့တွင် တာဝန်မရှိ၍ ဝေဖန်သုံးသပ်တင်ပြရန် အကြောင်းမရှိပါ။

မိမိသည် မြန်မာနိုင်ငံသားတစ်ယောက်ဖြစ်သည့်အပြင် မိမိနိုင်ငံ၊ မိမိလူမျိုး၊ ကိုးကွယ်ရာဘာသာ ယဉ်ကျေးမှုအမွေအနှစ်များကို မြတ်နိုး တန်ဖိုးထားသူဖြစ်၍ နိုင်ငံကိုစွန့်ခွာသူများ၊ မြန်မာနိုင်ငံကို စွန့်ခွာထွက်သွားသူများနှင့်စပ်လျဉ်း၍ မိမိအမြင်ကို တင်ပြလိုခြင်းဖြစ်ပါသည်။

သို့ဖြစ်၍ နိုင်ငံကိုဗဟိုပြု၍ စဉ်းစားရန်လိုအပ်ပါသည်။ အစိုးရကို ဗဟိုပြုစဉ်းစားရန်မဟုတ်။ **၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် မြန်မာနိုင်ငံ လွတ်လပ်ရေးရယူနိုင်ခဲ့သောနေ့ရက်၊ ဗြိတိသျှအလံကို အလံတိုင်ထိပ်မှ ရုပ်သိမ်းပြီး မြန်မာနိုင်ငံတော်အလံ လွှင့်ထူနိုင်ခဲ့သောနေ့ဖြစ်၍ ထိုနေ့သည် မြန်မာနိုင်ငံဟု တရားဝင်အသိအမှတ်ပြုရာနေ့ ဖြစ်၏။ အင်အားကြီးနိုင်ငံ၏အလံကို အလံတိုင်မှဖြုတ်ချ၍ မြန်မာတို့၏အလံကို တရားဝင်လွှင့်တင်သောနေ့လည်းဖြစ်၏။**

၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် မြန်မာလူထုတစ်ရပ်လုံး အပြင်းအထန် လိုလားတောင့်တခဲ့ကြသော အချုပ်အခြာအာဏာပိုင်လွတ်လပ်ရေးကို လွှတ်တော်၌ ကြေညာနိုင်ခဲ့ပေသည်။ နိုင်ငံတော်၏အထွတ်အထိပ် ယာယီသမ္မတအဖြစ် တိုင်းပြုပြည်ပြုလွှတ်တော်ဥက္ကဋ္ဌ ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်အား ဘိသိက်သွန်းလောင်း တင်မြှောက်ခဲ့ကြပေ၏။

"ဤ ငါတို့ကြေညာစာတမ်းကို တစ်ကမ္ဘာလုံး တစ်ယောက်မကျန်သိစေသတည်း" ဟူသော လွတ်လပ်ရေးကြေညာစာတမ်းကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့ နံနက်တွင် လွှတ်တော်အစည်းအဝေးခန်းမ၌ ဝန်ကြီးချုပ်သခင်နုက လျှမ်းလျှမ်းတောက် ကြေညာခဲ့ပြီးနောက် ဗန္ဓုလပန်းခြံထဲ၌ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကျောက်တိုင်ကို အုတ်မြစ်ချခဲ့ပေ၏။

ထိုသို့သောအချိန်အခါ၊ ထိုသို့သောအောင်ပွဲ မည်သို့ရရှိခဲ့သနည်းဆိုသောကိစ္စသည် မြန်မာနိုင်ငံသားတိုင်း မေ့ကောင်းသောအရာ မဟုတ်ပါ။ ကျောင်းသင်ခန်းစာ၌ပင် ထည့်သွင်းပြ၌ာန်း သင်ကြားပေးခဲ့သောကြောင့် ကျောင်းသားဘဝကပင် သိခွင့်ရခဲ့ကြပြီးဖြစ်ပေသည်။

၁၈၈၅ခုနှစ် သီပေါအရှင်နှင့်မိဖုရားတို့ကို နှွားဆွဲသောလှည်းဖြင့် ဗြိတိသျှတို့က ရတနာပုံရွှေနန်းတော်ကြီးမှ ဂေါဝိန်ဆိပ်ရှိ ၄င်းတို့၏ သင်္ဘောပေါ်သို့ ဖမ်းဆီးခေါ်ဆောင်သွားစဉ်က မြန်မာတိုင်း မချိတင်ကဲ ယူကျုံးမရ ဝမ်းနည်းကြေကွဲခံစားခဲ့ကြရ၏။ ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် ပထမအကြိမ် မြန်မာနိုင်ငံအောက်ပိုင်းအား စတင်သိမ်းပိုက်ခဲ့သော ၁၈၂၅ ခုနှစ်မှရေတွက်ပါက နှစ်ပေါင်း ၁၂၃နှစ် ပြည့်မြောက်သော နှစ်ဖြစ်ပြီး မြန်မာတို့ ကျွန်ဘဝတွင် စိတ်နှလုံးညှိုးချုံးစွာ နေထိုင်စားသောက်ခဲ့ကြရသော နှစ်များဖြစ်သည်ဟု ဆိုရပေမည်။

နှစ်ပေါင်း ၁၂၃နှစ်ကြာ ကျွန်ဘဝမှလွတ်မြောက်ရန် ကြိုးပမ်းခဲ့ကြရသည်ဆိုရာ၌ ရဲဘော်သုံးကျိပ် စစ်ပညာသင်ဘဝ၊ နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်တော်လှန်ရေးအစရှိသော ကြိုးပမ်းမှုများတွင် မြန်မာလူမျိုး၊ ရဟန်းရှင်လူ၊ ကျား/မ မရွေး အသက်ခန္ဓာနှင့် အိုးအိမ် စည်းစိမ်ပေါင်း မရေတွက်နိုင်လောက်အောင် အဆုံးရှုံးခံခဲ့ပြီးမှ ရရှိလာသော လွတ်လပ်ရေး၊ တစ်နည်းအားဖြင့် နိုင်ငံတော်ဖြစ်၏။

လွတ်လပ်ရေးရပြီးသည့်နောက် နိုင်ငံရပ်ခြား တိုင်းပြည်များသို့ သွားရောက် အခြေချနေထိုင်သူများ ဒုနှင့်ဒေး ပေါ်ပေါက်လာခဲ့သည်။ ထိုသူများသည် နိုင်ငံကိုစွန့်ခွာသူများဖြစ်၏။ မိမိနိုင်ငံတော်အတွက် ပညာတော်သင်သွားရောက်ကြသူများ၊ မိမိလုပ်အားဖြင့် မိမိကိုယ်တိုင်နှင့် နိုင်ငံတော်အတွက် ဝင်ငွေရှာဖွေပေးလျက်ရှိသူများသည် နိုင်ငံ၏တာဝန်ကို ထမ်းရွက်ကြသူများအဖြစ် ဂုဏ်ပြုကြရမည်ဖြစ်သော်လည်း နိုင်ငံတော်၏ လစာကို တစ်ဖက်မှခံစားရင်း မိမိတာဝန်ကျရာနိုင်ငံမှ တိတ်တိတ်ပုန်းခိုသောဒေါ်လာများကို မြိန်ရေရှက်ရေလက်ခံရယူပြီး နိုင်ငံရေးခိုလှုံခြင်း ခေါင်းစဉ်ဖြင့် နိုင်ငံသားခံယူကြသူများမှာမူ ကိုယ်ကျိုးစီးပွားအတွက် သက်သက်ဖြင့် နိုင်ငံကိုစွန့်ခွာကြသူများဖြစ်ကြ၍ တိုင်းတစ်ပါးသားလက်အောက်မှ နိုင်ငံကို ဆွဲထုတ်ကယ်တင်ရင်း အသက်ပေးသွားကြကုန်သော မိဘ၊ ဘိုးဘွားများ၏ ဂုဏ်ကိုမထောက်၊ ခေတ်အဆက်ဆက် တပ်မတော်သား စစ်သည်ရဲဘော်များ၏ မျက်နှာကိုမထောက်၊ နောင်လာနောက်သား မျိုးဆက်များအား လမ်းမှားသို့ တွန်းပို့သူများအဖြစ် ပြစ်တင်ရှုတ်ချရချေတော့မည်။

ထိုသူတို့၏ အကြောင်းပြချက်များကား အမျိုးမျိုး၊ အသီးသီး ရှိကြပေရာ ပညာတတ်များကလည်း နိုင်ငံခြားမှ လုပ်ခလစာနှင့် နှိုင်းယှဉ်၍လည်းကောင်း၊ ပညာမဲ့သူများကလည်း ပြည်တွင်း၌ အလုပ်မရှိဟူ၍လည်းကောင်း၊ နိုင်ငံအစိုးရကို ပြစ်တင်ဝေဖန်၍ လည်းကောင်း အကြောင်းပြချက်များဖြင့် လက်ညှိုးထိုးကြပေ၏။

အတွေးအမြင်မှန်၊ မျိုးရိုးဂုဏ်သိက္ခာစောင့်စည်းသော ပညာတတ်များကား ငါတတ်ထားသောပညာနှင့် ငါ့နိုင်ငံအတွက် အလုပ်လုပ်ရမည်ဟူသောခံယူချက်ဖြင့် နိုင်ငံကို စောင့်ထိန်းမြဲ စောင့်ထိန်းလျက်ရှိကြ၏။ ထိုသူများထဲတွင် ဆရာဒေါက်တာမျိုးသန့်တင်ကို သတိပြုမိသည်။ အမေရိကန်နိုင်ငံတွင် ပညာသင်နေစဉ်က ဆရာရေးသားသော ဆောင်းပါးများကို ဖတ်ရှုခဲ့ရဖူးသည်။ ယခုလည်း မြန်မာ့ရုပ်မြင်သံကြား ဆွေးနွေးခန်းများတွင်လည်း ကြည့်ရသဖြင့် နိုင်ငံကို စွန့်ခွာသူများတွင် ဆရာမပါဟု လေးစားမိသည်။

ဝင်ငွေလစာ နိမ့်ကျ၊ မြင့်မားမှု ကွာဟချက်ကြောင့် မိမိနိုင်ငံကို စွန့်ခွာသင့်ပါသလား၊ မြန်မာအဘိုး အဘွားတို့ အသက်ပင်ပေးလှူခဲ့ကြသည့် ဖြစ်ရပ်နှင့် နှိုင်းယှဉ်စဉ်းစားသင့်သည်ဟု ဆိုချင်သည်။ အစိုးရကို မကြိုက်ဟူသော အကြောင်းနှင့်ရော မိမိနိုင်ငံကို စွန့်ခွာသင့်ပါ၏လော။ အစိုးရတွင် အမှားအယွင်းရှိသည်ဟု စွပ်စွဲပြစ်တင်သူသည် အစိုးရထံ အကြံပေးစာ တစ်စောင် ရေးသားပေးပို့ဖူးပါသလော။ ရိုးသားစွာဝေဖန်ထောက်ပြဖူးပါသလော။ စိတ်ရင်းအမှန်၊ စေတနာအမှန်နှင့် မိမိဆည်းပူးလေ့လာထားသော ကျွမ်းကျင်မှုဖြင့် အကြံကောင်း ဉာဏ်ကောင်းပေးပို့ခြင်းဖြင့် နိုင်ငံသားတို့၏တာဝန်ကို ထမ်းရွက်သင့်ကြပေသည်။ နိုင်ငံအတွက် မည်သည့်တာဝန်ကိုမျှ မယူလိုသော၊ မယူသော နိုင်ငံသားသည် နိုင်ငံအတွက် ဆန်ကုန်မြေလေးစေသောသူသာ ဖြစ်လတ္တံ့တည်း။

တစ်ဖန် နိုင်ငံကိုစွန့်ခွာလျက် နိုင်ငံခြားကို အပြီးအပိုင်ထွက်ခွာလိုသော အထက်ပါပုဂ္ဂိုလ်မျိုးကို လက်သင့်ခံသောနိုင်ငံနှင့် နိုင်ငံသားများက မည်သို့သဘောထား၍ မည်သည့်အဆင့် သတ်မှတ်မည်နည်း။ စဉ်းစားဖူးကြပါ၏လောဟု မေးချင်သည်။ ထိုနိုင်ငံကခိုင်းသော အလုပ်လုပ်၍ ထိုနိုင်ငံကပေးသော ဒေါ်လာဆိုသည်များကရော လူသားတို့၏ တစ်သက်တာအတွက် ကိုယ်စိတ်ချမ်းသာမှုကို အလုံးစုံ ပြည့်ဝစေနိုင်ပါ၏လော။ မြတ်ဗုဒ္ဓ၏ အဆုံးအမတွင် မွေ့လျော်သော မြန်မာလူမျိုးတို့အတွက် ဗုဒ္ဓ၏အဆုံးအမများသည်သာ ကိုယ်စိတ်ချမ်းသာမှုကို ဖြည့်ဆည်းပေးစွမ်းနိုင်သဖြင့် ဒေါ်လာငွေအတွက် နိုင်ငံကို စွန့်ခွာသင့်ကြပါ၏လောဟု စဉ်းစားကြစေချင်ပါသည်။

နိုင်ငံကိုစွန့်ခွာလျက် နိုင်ငံခြားသားခံယူကြသူတို့၏ အနာဂတ်ဘဝ မည်သို့ရှိမည်နည်း။ သာဓက အများအပြားရှိပါ၏။ ကုန်းဘောင်ခေတ်မှ မင်းကမွေးသော မင်းသားကြီးများဖြစ်ကြသည့် ညောင်ရမ်းမင်းသားကြီး၊ မြင်ကွန်းမင်းသားကြီးတို့သည် တိုင်းတစ်ပါး၌ ကံတော်ကုန်ကြ၏။ မြန်မာ့သမိုင်းစာမျက်နှာများတွင် ကမ္ပည်းကောင်း မတင်နိုင်ခဲ့ကြပေ။ ၎င်းတို့၏ မျိုးဆက်များ ဘယ်ဆီရောက်နေသည်ကိုပင် သိခွင့်မရကြပါ။

သို့ဖြစ်ရာ နိုင်ငံကိုစွန့်ခွာလိုသူတိုင်းသည် မိမိတို့စဉ်းစားအပ်သော အချက်အလက်အခြေအနေများကို ပြည့်စုံကျနစွာ စဉ်းစားသင့်ကြပေသည်။ တစ်ချက် ဖြည့်သွင်းရေးသားလိုသောအချက်မှာ ကနေ့မြန်မာနိုင်ငံသည် ၂၀၁၁-ခုနှစ် မြန်မာနိုင်ငံဖြစ်သည်။ နိုင်ငံရေးစနစ်လည်းပြောင်း၊ အုပ်ချုပ်ရေးစနစ်လည်းပြောင်း၍ အဘက်ဘက်မှ ပြောင်းလဲခဲ့ရာတွင် နိုင်ငံသားတို့သည် ဘိုးဘွားတို့ တာဝန်ကျေခဲ့ကြသကဲ့သို့ နိုင်ငံသားတာဝန်ကို အသိတရားနှင့် ထမ်းရွက်ကြမည်ဆိုပါက မြန်မာနိုင်ငံသားများ သာယာဝပြောကြပေတော့မည်တည်း-ဟု ကျူးရင့်လိုခြင်းဖြစ်ပေသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးထုတ်ပေး

ကျောက်ပန်းတောင်း ဩဂုတ် ၄

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် စိတ္တိန်းကျေးရွာ၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးဆောင်၍ ဇူလိုင် ၂၉ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးသူရက နိုင်ငံသားအရည်အချင်း ပြည့်မီသူ ကျေးလက်ပြည်သူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားများကို တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ) (မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း စာအုပ်စင် ကဏ္ဍ

ရုံးလုပ်ငန်းလက်စွဲ ထုတ်ဝေဖြန့်ချီ



နေပြည်တော် ဩဂုတ် ၄

နိုင်ငံ့ဝန်ထမ်းများ အဓိကမှီငြမ်းကိုးကားနိုင်မည့် ရုံးလုပ်ငန်းလက်စွဲစာအုပ်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်မှုယန္တရားသစ်၊ ခေတ်စနစ်နှင့်လျော်ညီစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ပြင်ဆင်ပြုစု ပုံနှိပ်ထုတ်ဝေလိုက်ကြောင်းသိရသည်။ အဆိုပါစာအုပ်ကို မှာယူလိုပါက ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၀၅၃၊ ဝန်ထမ်းရေးရာဦးစီးဌာန ဖုန်း-၀၆၇-၄၀၉၁၇၂၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဖုန်း-၀၆၇-၄၀၉၁၇၃နှင့် ရုံးအမှတ် (၁၇) နေပြည်တော် ဖက်စ်-၀၆၇-၄၀၉၁၇၅ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်းနှင့် တစ်အုပ်လျှင်ငွေကျပ် ၂၀၀၀ ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဦးရဲဝေ (မြန်မာစာ)၏ ပညာ့ကြယ်ပွင့် အလယ်တန်းစာစီစာကုံးများ စာအုပ်ထုတ်ဝေဖြန့်ချီ

နေပြည်တော် ဩဂုတ် ၄

ဦးရဲဝေ (မြန်မာစာ)၏ ပညာ့ကြယ်ပွင့် အလယ်တန်းစာစီစာကုံးများ စာအုပ်ကို ထုတ်ဝေဖြန့်ချီလိုက်ကြောင်း သိရှိရသည်။

အဆိုပါစာအုပ်တွင် မြန်မာ့ ဆယ့်နှစ်လရာသီ စာစီစာကုံးများ၊ နေ့ထူးနေ့မြတ်အထိမ်းအမှတ်စာစီစာကုံးများ၊ အမျိုးဂုဏ်ဇာတိဂုဏ် စာစီစာကုံးများ၊ စကားပုံ စာစီစာကုံးများ၊ သဘာဝရှုခင်းအလှမြင်ကွင်း စာစီစာကုံးများ၊ တွေးတောခံစား စာစီစာကုံးများနှင့် ပညာ့ကြယ်ပွင့် စာစီစာကုံးများဟူ၍ အခန်းအလိုက် အပုဒ်ပေါင်း၁၀၀ကျော် ပါရှိသည်။

ယင်းစာအုပ်ကို စံပယ်ပွင့်စာပေက ထုတ်ဝေပြီး စံပယ်ပွင့်စာပေနှင့် နဂါးစာပေ (မန္တလေး)တို့က တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကွင်းဆင်းဆောင်ရွက်

လှိုင်လင်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦးနှင့် ပင်လုံမြို့နယ် ဦးစီးဌာနမှူး ဦးငွေဝင်းတို့ ဩဂုတ် ၃ ရက်က ပင်လုံမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်လဝက)

မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေး ဆောင်ရွက်မည်

ရန်ကုန် ဩဂုတ် ၄

ရွှေမင်းသား ဖောင်ဒေးရှင်း (မြန်မာ)က ဆောင်ရွက်မည့် မသန်စွမ်းသူများအတွက် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း အခမ်းအနားကို ဩဂုတ် ၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသူများနှင့် ပါဝင်လှူဒါန်းလိုသူများသည် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ရုံးချုပ် အမှတ် ၇၉၇ အခန်း ၁၀၄-ဘီ ဗိုလ်ချုပ်အောင်ဆန်းလမ်း (ဝါးတန်းလမ်းထောင့်) မြန်မာ့အလှတာဝါ (၂) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၁၅၉၃၉၊ ၂၂၉၀၈၇၊ ၂၂၂၉၂၃၊ ၀၉-၅၁၀၁၇၂၅နှင့် ၀၉ - ၅၀၄၂၆၂ တို့ထံသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

(ရွှေမင်းသားဖောင်ဒေးရှင်း)

ငါးရစ်ငါးသန်ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

တစ်ဧက စပါးတင်း ၁၀၀ အထက် ထွက်ရှိရေး သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် မျိုးထောင်စိုက်ပျိုး

သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ထားဝယ်၌ မိုးစပါးစိုက်ပျိုး

ထားဝယ် ဩဂုတ် ၄

ထားဝယ်ခရိုင် ထားဝယ်မြို့နယ် ကနိုင်းဒါကျေးရွာ ကွင်းအမှတ် (၁၃၂)၊ ဦးပိုင် (၉၆/၁) တောင်သူ ဦးကြည်ထွန်း၏ မိုးစပါး ၃ ဒသမ ၃၅ ဧကတွင် သိပ္ပံနည်းကျ ပေါင်မျိုးထောင်စနစ်ဖြင့် မိုးစပါးစိုက်ပျိုးပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ယင်းအခမ်းအနားတွင် သိပ္ပံနည်းကျမျိုးထောင်နည်းစနစ် (၁၄)ချက်ကို တိုင်းဒေသကြီးမန်နေဂျာ ဦးမြင့်စိုးက ရှင်းလင်းဆွေးနွေးပြီး မြို့နယ်မန်နေဂျာနှင့် ဝန်ထမ်းများကလက်တွေ့ ပျိုးနုတ်စိုက်ပျိုးခြင်းကို ပြသခဲ့ကြကာတနင်္သာရီတိုင်းဒေသကြီးစိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ကျောက်ရပ်၊ ကူးတို့၊ ကနိုင်းဒါမှ တောင်သူလယ်သမားများတက်ရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)(မြို့နယ် ပြန်/ဆက်)**

မလှိုင်မြို့၌ ပေါင်စနစ်ဖြင့် မျိုးထောင်စိုက်ပျိုး

မလှိုင် ဩဂုတ် ၄

မလှိုင်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ဦးဆောင်မှုဖြင့်တစ်ဧကတင်း ၁၀၀နှင့်အထက် ထွက်ရှိရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (၁၄)ချက်နှင့်အညီ ပေါင်စနစ်ဖြင့် မျိုးထောင်စိုက်ပျိုးနည်း ပညာပေးသရုပ်ပြပွဲကို ဇူလိုင် ၂၁ရက်က မလှိုင်မြို့နယ် လယ်ကြီးကျေးရွာ၌ ကျင်းပသည်။ အဆိုပါ သရုပ်ပြပွဲကိုလယ်ကြီးကျေးရွာအုပ်စု ကွင်းအမှတ် (၂၈၀/ ၂၀၆၇)၊ ဦးပိုင်အမှတ်(၇၈)ရှိ တောင်သူဦးတင်ဝင်း၏ မိုးစပါးအထွက်ကောင်း မျိုးစံပြကွက် ၂ဒသမ ၅၂ ဧကခွဲကျင်းပရာခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးတင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန်းရွှေ၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာဦးတင်ဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်/ညှိအဖွဲ့ဝင်များ၊လယ်ကြီး၊ ကံကြီး၊ ကုန်းတဲ၊ သိမ်ကုန်းကျေးရွာများမှ မိုးစပါးစိုက်ပျိုးမည့်တောင်သူများ တက်ရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရှိရသည်။ (အပေါ်ပုံ) (၀၈၃)

ပေါင်စနစ်ဖြင့် သရက်ချောင်း၌ မိုးစပါးစိုက်ပျိုး

သရက်ချောင်း ဩဂုတ် ၄

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ပန်းပြင်ကျေးရွာကွင်းအမှတ် (၃၅၅)၊ ဦးပိုင် (၄၉/၁) တောင်သူ ဦးမောင်ရှင်၏ မိုးစပါးစိုက်ခင်း ၃ ဒသမ ၅၀ ဧကတွင် သိပ္ပံနည်းကျ ပေါင်မျိုးထောင်စနစ်ဖြင့် မိုးစပါးစိုက်ပျိုးပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၈ နာရီက အဆိုပါ လယ်ကွင်း၌ ကျင်းပရာ အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ခရိုင်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခေါင်နှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ပိန်းတော၊ ကဇီ၊ ပန်းချီရှောင်၊ သရက်နှစ်ခွ၊ ဥတ္တူကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ တောင်သူများ တက်ရောက်ကြည့်ရှုလေ့လာကြသည်။ အခမ်းအနားတွင် သိပ္ပံနည်းကျ မျိုးထောင်နည်းစနစ် (၁၄) ချက်နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး မန်နေဂျာ ဦးမြင့်စိုး **(ဝဲပုံ)**က ရှင်းလင်းဆွေးနွေးပြီး ဝန်ထမ်းများက လက်တွေ့ပျိုးနုတ်စိုက်ပျိုးသရုပ်ပြခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ရမ်းဗြဲမြို့နယ်၌ သိပ္ပံနည်းကျ မိုးစပါးစိုက်ပျိုး

ရမ်းဗြဲ ဩဂုတ် ၄

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ရွာကြီးကျေးရွာတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ဦးဆောင်မှုဖြင့် တစ်ဧကတင်း ၁၀၀ နှင့်အထက် ထွက်ရှိရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (၁၄)ချက်နှင့်အညီ ပေါင်ပျိုးစနစ်ဖြင့် မိုးစပါး လက်တွေ့စိုက်ပျိုးပွဲကို တောင်သူဦးကျော်သိန်း၏ လယ်မြေတွင် ဇူလိုင် ၂၁ ရက်က ကျင်းပသည်။ (အောက်ပုံ)

ရှင်းလင်းပြသ

အဆိုပါ အခမ်းအနားသို့ ရမ်းဗြဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူ၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာနှင့်ဝန်ထမ်းများ၊ ရွာကြီးကျေးရွာမှ တောင်သူများ လာရောက်လေ့လာကြည့်ရှုခဲ့ကြပြီးမြို့နယ်စိုက်ပျိုးရေးမန်နေဂျာက စိုက်ပျိုးနည်းစနစ်(၁၄)ချက်ကို ရှင်းလင်းပြသခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

ပေါင်စနစ်ဖြင့် မျိုးထောင်ခြင်း အိမ်မဲ၌ သရုပ်ပြ

အိမ်မဲ ဩဂုတ် ၄

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပွဲစားဂုံညွှင်းတန်းကျေးရွာ ကွင်းအမှတ် (၁၄၇/ ၁၅၅၄)၊ ဦးပိုင် (၅၈/၂) လယ်သမားဦးပိဿလေး၏ တောင်သူပညာပေး စံပြကွက် ဆင်းသုခ(RS) မျိုးသန့် ငါးဧကတွင် မျိုးကောင်းမျိုးသန့်ပြောင်းလဲစိုက်ပျိုးရေး၊ တစ်ဧက တင်း ၁၀၀ နှင့်အထက် ထွက်ရှိရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (၁၄) ချက်နှင့်အညီ ပေါင်စနစ်ဖြင့် မျိုးထောင်စိုက်ပျိုးခြင်းသရုပ်ပြပွဲကို ဇူလိုင် ၁၉ ရက်က ကျင်းပသည်။ **(အပေါ်ပုံ)**

ကြည့်ရှုလေ့လာ

အခမ်းအနားသို့ အိမ်မဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ်မန်နေဂျာ ဦးစိုးမြင့်အောင်နှင့်ဝန်ထမ်းများ၊ မြေစာရင်းဦးစီးမှူး ဦးခင်မောင်ဝင်းနှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အမြို့မြို့အနယ်နယ်၌ ဆောင်ရွက်

ကွမ်းလုံမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် မြို့ပေါ်ရပ်ကွက်များတွင် ရေမြောင်းများဆယ်ယူသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့်ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဇူလိုင် ၁၈ ရက်က ခရိုင်အုပ်ချုပ်ရေးမှူးဦးကျော်သက်ဦးဆောင်၍ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်စိုး၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးမျိုးဇော်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၄၀၁)

ပြင်စလူမြို့ပေါ်ရှိ ရပ်ကွက်များအတွင်း အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ဇူလိုင် ၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးစိုးဝဏ္ဏဝင်းနှင့် ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

တိုက်ကြီးမြို့နယ် အဖျောက်မြို့ပေါ်ရှိ အစိုးရစာသင်ကျောင်းများ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဇူလိုင် ၃၀ ရက်က မြို့နယ်စည်ပင်သာယာရေး ရုံးခွဲတာဝန်ခံ ဒုတိယဦးစီးမှူး ဦးစိန်လှိုင် ကြီးကြပ်လျက် အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မှော်ဘီမြို့နယ် မြို့မဈေးအတွင်း သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဩဂုတ် ၂ ရက်က အမှုဆောင်အရာရှိ ဦးရဲမင်းကျော်ကွင်းဆင်းကြီးကြပ်စဉ်။(မြို့နယ်စည်ပင်)

ဇူလိုင် ၂၅ ရက်က ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ရပ်ကွက်များအတွင်း ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးခင်မောင်ချို ကြီးကြပ်လျက်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

တာပိန်မှ မိုးမောက်သို့ ထွက်ခွာလာသည့် မော်တော်ယာဉ်တစ်စီးအား KIA အဖွဲ့က လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ် ယာဉ်ပေါ်ပါ ရှစ်ဦးအနက် ခုနစ်ဦးသေဆုံးပြီး တစ်ဦးထိခိုက်ဒဏ်ရာရ

KIA တို့ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့်မဟုတ်ဘဲ လက်နက်ငယ်များဖြင့် စောင့်ကြိုဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းသာဖြစ်

နေပြည်တော် ဩဂုတ် ၄

တာပိန်(၁)ရေအားလျှပ်စစ်စခတ်အား ပေးစက်ရုံမှ မိုးမောက်သို့ ပြန်လည်ထွက်ခွာလာသည့် မော်တော်ယာဉ်တစ်စီးအား တာပိန်-မိုးမောက်လမ်း မိုင်တိုင်အမှတ် (၁၉) နှင့် (၂၁)အကြားတွင် KIA အဖွဲ့က လက်နယ်ငယ်များဖြင့် ဝိုင်းဝန်း ဦးလဆန်တူးလွန်နှင့် ဦးသန်းငွေအောင် (ဘ)ဦးအေးဖေ၊ လေအေးပေးစက်ပြုပြင်သူ ဦးနေမျိုးသိန်း (ဘ)ဦးသိန်းငွေနှင့် ဦးဇော်ထွေး(ဘ)ဦးအုန်းဆွေ၊ စကားပြန် မောင်ခန့်မင်းထက် (ဘ) ဦးအိုက်လှိုင် ပေါင်းခြောက်ဦးသည် သေနတ်ဒဏ်ရာများဖြင့် ပွဲချင်းပြီးသေဆုံးခဲ့ကြောင်း၊ ကျန်နှစ်ဦးဖြစ်သည့် လေအေးပေးစက်ပြုပြင်သူ မောင်သော်လင်းထွန်း (ဘ)ဦးမာနော်မှာ ဝမ်းဗိုက်သေနတ်ထိမှန်ဒဏ်ရာ (စိုးရိမ်ရ)နှင့် ရဲတပ်သား မျိုးသန့်

KIAအဖွဲ့က လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သည့် မော်တော်ယာဉ်နှင့် သေဆုံးသွားသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ပစ်ခတ်ခဲ့သည့်အတွက် ခုနစ်ဦးသေဆုံးပြီး တစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ထပ်မံသေဆုံး

ဖြစ်စဉ်မှာ ဩဂုတ် ၂ ရက် ညနေပိုင်းက တာပိန်(၁)ရေအားလျှပ်စစ်စက်ရုံ၏ Communication Room ရှိ အအေးပေးစနစ်များ လာရောက်ပြုပြင်ပြီး မိုးမောက်သို့ပြန်မည့် စက်ပြင်သုံးဦး၊ တရုတ်စကားပြန်တစ်ဦး၊ ရဲတပ်ဖွဲ့ဝင်နှစ်ဦး၊ ယာဉ်မောင်းနှစ်ဦး စုစုပေါင်း ရှစ်ဦးတို့သည် မော်တော်ယာဉ်ဖြင့် တာပိန်မှ ထွက်ခွာလာခဲ့ရာ ဂွဲကထောင်ရွာမရောက်မီ မိုင်တိုင်အမှတ်(၁၉) နှင့် (၂၁) အကြားတွင် KIA အဖွဲ့မှ လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် ကားပေါ်ပါ ဒုရဲအုပ်အောင်ကြည်ထွန်း၊ ယာဉ်မောင်း ဦးနန်ရှောင် (ဘ) နိုင်ဆန်း (ဘ)ဦးအောင်ဆန်းမှာ ဘယ်လက်မောင်းနှင့် ညာခြေထောက် သေနတ်ထိမှန်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိခဲ့သူနှစ်ဦးသည် ရှေ့တန်းတပ်မတော်စခန်းသို့ လာရောက်သတင်းပို့ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းမှ အခင်းဖြစ်နေရာသို့ သွားရောက်ရှင်းလင်းခဲ့ရာ ကားအတွင်း လက်နက်ငယ် ကျည်ထိမှန်၍ သေဆုံးနေသူငါးဦးနှင့် ကားနံဘေးတွင် သေဆုံးနေသူတစ်ဦးတို့ကို တွေ့ရှိခဲ့ရကြောင်း၊ မိမိတပ်မတော်စစ်ကြောင်းသို့ လာရောက်သတင်းပို့သည့် နှစ်ဦးအနက် မောင်သော်လင်းထွန်းမှာ ရရှိသောဒဏ်ရာကြောင့် နောက်တစ်နေ့နံနက်ပိုင်းတွင် ထပ်မံ သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

လိမ်ညာထုတ်လွှင့်

ဤဖြစ်စဉ်နှင့်ပတ်သက်၍ KIA အဖွဲ့က ၎င်းတို့ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် ကားနှင့်လူများ ပျက်စီးသေဆုံးရခြင်းဖြစ်ကြောင်း၊ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မရရှိ သေးချိန်တွင် ၎င်းတို့တားမြစ်ထားသည့် နယ်မြေအတွင်း ယခုကဲ့သို့ အသွားအလာ ပြုလုပ်ခဲ့သည့်အတွက် မိုင်းနင်းမိပြီး ပေါက်ကွဲရခြင်းဖြစ်ကြောင်း ပြည်ပဘီဘီစီ

အသံလွှင့်ဌာနမှတစ်ဆင့် လိမ်ညာ ထုတ်လွှင့်ခဲ့သည်ကို တွေ့ရှိရသည်။

စောင့်ကြိုပစ်ခတ်

ဖြစ်စဉ်အမှန်မှာ KIA အဖွဲ့ ထောင်ထားသည့် မိုင်းပေါက်ကွဲခြင်းကြောင့် မဟုတ်ဘဲ KIA အဖွဲ့က ရည်ရွယ်ချက်ရှိရှိဖြင့် တာပိန်မှ ၎င်းကားအပြန်တွင် လက်နက်ငယ်များဖြင့် စောင့်ကြို ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် ကားပေါ်ပါသူ ရှစ်ဦးအနက် ခုနစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးဒဏ်ရာရသူများအားလုံးတွင် လက်နက်ငယ်ဒဏ်ရာများ

KIA အဖွဲ့က လက်နက်ငယ်များဖြင့် ဝိုင်းဝန်း ပစ်ခတ်ခဲ့သဖြင့် လက်နက်ငယ်ကျည်များထိမှန်ပျက်စီးသွားသော မော်တော်ယာဉ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

တွေ့ရှိရသည့်အပြင် မော်တော်ယာဉ်၌လည်း သေနတ်ကျည်ဆန်ထိမှန်မှုများ တွေ့ရှိရကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

KIA အဖွဲ့၏ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် သေဆုံးသွားသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၈-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၆း၃၀ MRTV-4 သတင်း
၆း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှေးထွေးသောမေတ္တာ** (အပိုင်း-၈၆)
၇း၃၀ **FIFA U-20 World Cup Colombia 2011 (Brazil Vs Panama) (Live)**
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၂၈)
၁၀း၂၀ MRTV-4 7 th Anniversary Live Show [Day 1 (Part-4)]
၁၁း၀၅ Movie Talk **ကြွေလွှင့်ကြယ်ပွင့်များ** (အပိုင်း-၃) (ဒါရိုက်တာ ကြည်စိုးထွန်း)
၁၁း၂၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁း၅၀ တန်ဖိုးရှိသော ဝါးပင်လေးများ မှသည်…
၁၂း၀၅ နဒီနက္ခတ်ဆိုင်ရာ သိကောင်းစရာ ဆွေးနွေးခန်း
၁၂း၂၅ သာစုခေါ်သံမစဲ…မြိုင်မြို့ရဲ့ သာသနာပြုပွဲ
၁၂း၄၅ Sewings Mill Shinsung (ရွှေပေါက်ကံစက်မှုဇုန်)
၁း၀၀ **ဘဝအလှနှင့် ဓမ္မအလှ** တရားတော် [မဏိရတနာ ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ]
၁း၄၅ စွယ်တော်လေးဆူ ဆုပန်ယူ
၂း၀၀ MRTV-4 သတင်း
၂း၂၀ Style ရှိမှ Star ဖြစ်မယ်
၃း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှေးထွေးသောမေတ္တာ** (အပိုင်း-၈၆)
၄း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၂၈)
၄း၅၀ Activities in the City အသည်း၊ကျောက်ကပ်နှင့် နှလုံး ကုသမှုဆိုင်ရာဆေးပညာနှီးနှော ဖလှယ်ပွဲ [Keen Cic Health Care Services]
၅း၀၅ မင်းဘူးမြေမှ ရွှေခြေလှမ်းတို့ မဂ်လမ်းတိုင်စေ
၅း၂၀ The Champion of Dance
၆း၀၀ MRTV -4 သတင်း
၆း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှေးထွေးသောမေတ္တာ** (အပိုင်း-၈၇)
၇း၀၀ MRTV-4 7 th Anniversary Live Show [Day 1 (Part-5)]
၈း၀၀ MRTV -4 သတင်း
၈း၃၀ နေရောင်ခြည်စွမ်းအင်ဆိုင်ရာ အသုံးချနိုင်မှုပြသပွဲ
၈း၄၀ Korea City of Seoul is....Transportation
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၂၉)
၁၀း၂၀ **FIFA U-20 World Cup Colombia 2011 (Argentina Vs Korea DPR) (Delay)**
၁၂း၀၅ VJ Choice
၁၂း၃၀ စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (ပုလဲ Milk Shake ပြုလုပ်နည်း)
၁၂း၄၀ မြန်မာကြိုက်နှံ့သာဖြူပရုတ်ဆီ
၁၂း၄၅ ဗိုလ်ကလေးတင့်အောင်၏ ဘဝစာမျက်နှာများ
၁း၂၀ နှစ်စဉ်ဝင်ငွေတိုးစေဖို့… သစ်မွှေးစိုက်ကြစို့
၁း၃၅ နွေးထွေးသော ဝန်ဆောင်မှုများနှင့် ဧဒင်
၁း၄၅ ဟူးကောင်းချိုင့်ဝှမ်းမှ ကျားသုတေသနပြုလုပ်ငန်း
၂း၀၀ **FIFA U-20 World Cup Colombia 2011 (Egypt Vs Austria) (Delay)**
၃း၄၅ လှမ်းခဲ့ပါဆွေ **မနောမြေ**
၃း၅၅ မြင်သုံးမြင်မှ ထူးခြားရှေးဟောင်း လက်ရာပစ္စည်းများ
၄း၀၅ သမိုင်းထဲက မင်းကွန်း လင်းလွန်းသည့် သာသနာ
၄း၁၅ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Disney World)
၄း၃၀ **FIFA U-20 World Cup Colombia 2011 (Portugal Vs New Zealand) (Live)**

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက် တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ပြည်ပညွှသည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၄

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား Oxfam Great Britain (Oxfam) မှ Country Director Mr. John Patrick James Prideaux - Brune နှင့်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများ၊ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံပိုလျှံရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား Oxfam Great Britain (Oxfam) မှ Country Director Mr. John Patrick James Prideaux-Brune နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား အိန္ဒိယနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၄

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri သည် ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံတို့အကြား နှစ်နိုင်ငံ ဆက်လက်ဆောင်ရွက်မည့် ဆောက်လုပ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးစိုးတင့်နှင့် ဦးကျော်လွင်၊ အထူးအရာရှိ သူရဦးစိန်သောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်း၊ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၅-၈-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၀ ၂။ **FIFA U-20 WORLD CUP 2011 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဘရာဇီးအသင်းနှင့် ပနားမားအသင်း)**

ညပိုင်း

၃း၃၀ ၁။ **Myanmar National League MNL Grand Royal Cup 2011 ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (မကွေးအသင်းနှင့် ရောဝတီယူနိုက်တက်အသင်း)**
၅း၀၀ ၂။ နှောင်းခေတ်တေးပဒေသာ
၅း၁၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅း၂၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၃၀ ၅။ ရိုးသားဖြူစင်ကလေးတို့အသွင်
၆း၀၀ ၆။ ညနေခင်းသတင်း
၆း၁၅ ၇။ မိုးလေဝသအခြေအနေ
၆း၂၀ ၈။ ရသစုံလင်အင်တာနက် ဥယျာဉ်
၇း၀၀ ၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြုံကြုံဖန်ဖန်အမွေဆိုင်** (အပိုင်း-၁၆)
၈း၀၀ ၁၀။ ပြည်တွင်းသတင်း
၁၁။ နိုင်ငံတကာသတင်းများ
၁၂။ မိုးလေဝသအခြေအနေ
၁၃။ **လျှပ်တစ်ပြက်ဟာသများ**
၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ကြိုး** (အပိုင်း-၂၀)
၁၅။ **သီချင်းချစ်သူ**

ပြည်သူ့ဒီမိုကရေစီပါတီက မှတ်ပုံတင်ခွင့် လာရောက်လျှောက်ထား

နေပြည်တော် ဩဂုတ် ၄

ပါတီတည်ထောင်ခွင့်ရရှိပြီးသော ပြည်သူ့ဒီမိုကရေစီပါတီ (People Democracy Party) က နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြုရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ ဩဂုတ် ၃ ရက်တွင် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထက(၂) မော်လမြိုင် ပညာရေးရန်ပုံငွေအဖွဲ့သို့ အလှူငွေများလှူဒါန်း

နေပြည်တော် ဩဂုတ် ၄

မွန်ပြည်နယ် မော်လမြိုင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းပညာရည်ဖွံ့ဖြိုးမှုအတွက် တည်ထောင်ထားသော ဆရာဦးမြင့်သိန်း မိသားစုနှင့် အထက (၂) ကျောင်းသား ကျောင်းသူဟောင်းများ၏ ပညာရေးရန်ပုံငွေအဖွဲ့သို့ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့်ဇနီး ပါမောက္ခဒေါက်တာ ဒေါ်ခင်ဆွေမြင့် မိသားစုတို့က ငွေကျပ် ၁၀ သိန်းနှင့် ငွေမိုးဟိုတယ်လုပ်ငန်းရှင် ဦးမိုးကျော်နှင့် ဇနီးဒေါ်အေးအေးမွန် မိသားစုတို့က ငွေကျပ်တစ်သိန်းတို့ကို ဇူလိုင် ၃၀ ရက်တွင် အဆိုပါကျောင်း၌ ပေးအပ်လှူဒါန်းခဲ့ကြရာ ရန်ပုံငွေအဖွဲ့ဥက္ကဋ္ဌ ဦးထင်ကျော်နှင့် ဇနီးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းချိုတို့က လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကြီးကြပ်ဆောင်ရွက်

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော နတ်မော်-ရဲတွင်း လမ်းပေါ်ရှိ တံတားအမှတ်(၁) တည်ဆောက်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၄

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၁	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်	၁၀၀%
၂	ကယားပြည်နယ်	၂၄	၂၀	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာမည်	၁၀၀%
၃	ကရင်ပြည်နယ်	၂၆	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာမည်	၁၀၀%
၄	ချင်းပြည်နယ်	၂၀	၁၄	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာမည်	၁၀၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၂၉	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်	၁၀၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၃	၂၆	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၁၀၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၃၀	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာမည်	၁၀၀%
၈	ပဲခူးတိုင်းဒေသကြီး	၂၇	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာမည်	၁၀၀%
၉	မကွေးတိုင်းဒေသကြီး	၃၁	၂၆	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၁၀၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၅	၂၆	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၁၀၀%
၁၁	မွန်ပြည်နယ်	၃၀	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်	၁၀၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၂၉	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာမည်	၁၀၀%
၁၃	ရခိုင်ပြည်နယ်	၂၇	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဒေသအလိုက်မိုးကြီးနိုင်သည်	၁၀၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၂	၁၈	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၀	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၂၇	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၂၇	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာမည်	၁၀၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၂	၂၄	မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်း ရွာမည်	၁၀၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၂၉	၂၄	မိုးအသင့်အတင့်ထစ်ချုန်းရွာမည်	၁၀၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၅	၂၆	မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်း ရွာမည်	၈၀%

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

ကွန်ပျူတာအသုံးပြု စာရင်းထားနည်းစနစ် သင်တန်းအမှတ်စဉ်(၂) ဖွင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၄

ကွန်ပျူတာအသုံးပြု စာရင်းထားနည်းစနစ် သင်တန်းအမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(ယာပုံ)**

တက်ရောက်

သင်တန်းဖွင့်ပွဲသို့ ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် (တာဝန်)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❐ *ကျောဖုံးမှ*

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Switch Yard အတွင်း (၂၃၀/၃၃/၁၁) ကေဗွီ ၁၀၀ အမ်ဗွီအေ ထရန်စဖော်မာနှစ်လုံး တပ်ဆင်ပြီးစီးမှု၊ Switch Yard တည်ဆောက်နေမှု၊ Switch Yard Gantry, Colum တိုင်တပ်ဆင်ရန် Foundation လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်စပ်ပစ္စည်းများ ရောက်ရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ် ၃ ရက် နံနက်ပိုင်းတွင် ၂၃၀ ကေဗွီ ရွှေစာရံပင်မ ဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး Control Room အတွင်း ဓာတ်အား ထိန်းချုပ်ကွပ်ကဲနေမှုနှင့် ဓာတ်အားလက်ခံရရှိမှု၊ ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးမှု၊ Control Panel များ တပ်ဆင်ထားရှိမှု၊ Switch Yard အတွင်း (၂၃၀/၁၃၂/၁၁) ကေဗွီ ၁၀၀ အမ်ဗွီအေ ထရန်စဖော်မာ တစ်လုံးနှင့် (၂၃၀/၃၃/၁၁) ကေဗွီ ၆၀ အမ်ဗွီအေ ထရန်စဖော်မာတစ်လုံး တို့ဖြင့် ၂၃၀ ကေဗွီ မန်စံ-ရွှေစာရံ မဟာဓာတ်အားလိုင်းမှ ဓာတ်အား လက်ခံရယူပြီး ၁၃၂ ကေဗွီ မဟာ ဓာတ်အားလိုင်းနှစ်လိုင်းဖြင့် တံခွန်တိုင် ဓာတ်အားခွဲရုံနှင့် ပြင်ဦးလွင် ဓာတ်အားခွဲရုံတို့သို့ ဓာတ်အားပို့လွှတ်နေမှု၊ ၃၃ ကေဗွီဓာတ်အားလိုင်း လေးလိုင်းဖြင့် ရွှေလုံ့ဘိုမြစ်ရေတင် စီမံကိန်း၊ ပုသိမ်ကြီးမြို့နယ်၊ အောင်မြေသာစံမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်များသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနေမှုနှင့် Shunt Reactor တစ်စုံတပ်ဆင်ရန် ပစ္စည်းရောက်ရှိနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်းဘူး(စကု)မြို့နှင့် ပုသိမ်-မုံရွာလမ်းမကြီး ဆက်သွယ်ထားသော ရိုးကြီးချောင်းတံတားဖွင့်

နေပြည်တော် ဩဂုတ် ၄

မကွေးတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနက တာဝန်ယူတည်ဆောက်ပြီးစီးသွားသော ရိုးကြီးချောင်းတံတား ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃ရက် နံနက် ၇ နာရီခွဲက မင်းဘူး(စကု)မြို့နယ် တောင်မန်းကျေးရွာအနီးရှိ အဆိုပါ တံတားထိပ်မုခ်ဦး၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက တံတားမုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တံတားပေါ်မှ ဖြတ်သန်း ကြည့်ရှုသည်။

ရိုးကြီးချောင်း တံတားသည် အရှည် ၇၅ ပေ၊ အကျယ် ၁၂ ပေ ရှိပြီး သံကူကွန်ကရစ်အုတ်မြစ်တိုင်၊ ဘေလီသံပေါင်သစ်သား ကြမ်းခင်း တံတားဖြစ်ကာ တောင်မန်းကျေးရွာမှ မင်းဘူး(စကု)မြို့နှင့် ပုသိမ်-မုံရွာ လမ်းမကြီးတို့သို့ ဆက်သွယ်ထားသော တံတားဖြစ်ကြောင်း သိရှိရသည်။

တက်ရောက်

ထိုမှတစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တောင်မန်းကျေးရွာ၌ ကျင်းပသည့် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်လှစ်ပေး

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်နှင့် ကျောင်းအကျိုးတော်ဆောင် ဦးသိန်းဝင်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် ကျောင်းဆောင်သစ် ဆောက်လုပ်ရေးကော်မတီဝင် ဦးသိန်းဝင်းက ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို တိုင်းဒေသကြီး ပညာရေးမှူး ဦးရဲထွတ်ထံ လွှဲပြောင်းပေးအပ်သည်။

လက်ခံ

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများနှင့် ကျောင်းသား ကျောင်းသူများအတွက် အားကစားပစ္စည်းများကိုပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံသည်။

ပေးအပ်

ဆက်လက်၍ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးလှဒေါင်းက နိုင်ငံသား စိစစ်ရေးကတ်ပြား ပြုလုပ်ပေးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး အန့်ဇော်က နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ဒေသခံပြည်သူများထံ ပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် ရှမ်းပြည်နယ် ၂၀၁၁ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုဖွင့်ပွဲတွင် ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေဆေးလုံး တိုက်ကျွေးစဉ်။
(သတင်းစဉ်)

ရှမ်းပြည်နယ် ၂၀၁၁ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှုဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၄

ရှမ်းပြည်နယ် ၂၀၁၁ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုဖွင့်ပွဲကို ဩဂုတ် ၃ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ မျိုးထွန်းက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့သည် ငါးနှစ်အောက် ကလေးများအား ဗီတာမင်အေဆေးလုံး တိုက်ကျွေးကြကာ ကိုယ်ဝန်ဆောင်မိခင်များအား၊ သံဓာတ်အားဆေး၊ ဘီဝမ်းအားဆေးနှင့် အိုင်အိုဒင်းဆားများကို တာဝန်ရှိသူတို့က ဖြန့်ဝေပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥနဲ့ငါးကို
ပွားစေလို
ငါးရစ်ဆို
မဖမ်းနဲ့

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ရေကူးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၄

၂၀၁၁ ခုနှစ် (၈)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ရေကူးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အသင်း အောင်မြင်မှုရရှိစေရေးနှင့် ထူးချွန်ထက်မြက်သော ရေကူးအားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ရေကူးပြိုင်ပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၈ နာရီမှစတင်၍ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပမည် ဖြစ်သည်။

ကျင်းပသွားမည်

အဆိုပါပြိုင်ပွဲတွင် မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၂၀၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲ၊ မီတာ ၁၀၀ နှင့် မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲ၊ မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲ၊ မီတာ ၁၀၀ ရင်ပေါင်တန်း ကူးပြိုင်ပွဲ၊ မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲ၊ မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲ၊ မီတာ (၅၀×၄) လွှန်းပြန်အလွတ်ကူးပြိုင်ပွဲနှင့် မီတာ (၅၀×၄) လွှန်းပြန်လေးမျိုးကူးပြိုင်ပွဲ စသည့်ပြိုင်ပွဲအမျိုးအစား ၁၂ မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဩဂုတ် ၄

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် သတ်မှတ်နေရာတို့၌ ဆက်လက်ကျင်းပရာ အမှတ်(၂) နေပြည်တော်အားကစားကွင်းတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့သည် တစ်ဖက်တစ်ဂိုးစီဖြင့် သရေဖြစ်ပြီး နေပြည်တော်လယ်ဝေး အားကစားကွင်းတွင် သတ္တုတွင်းဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယှဉ်ပြိုင်မည်

ဩဂုတ် ၅ ရက် ပွဲစဉ်များအဖြစ် အမှတ်(၂) နေပြည်တော်အားကစားကွင်းတွင် (ကက)အုပ်စုမှ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေးအားကစားကွင်းတွင် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၄

၂၀၁၁ ခုနှစ် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီခွဲတွင် ပုသိမ်မြို့ ကိုးသိန်းအားကစားခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကိုကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသမီးပြိုင်ပွဲနှင့် အမျိုးသားပြိုင်ပွဲတို့တွင် ပထမဆုရရှိသွားကြသော ပုသိမ်ခရိုင် အမျိုးသမီးအသင်းနှင့် အမျိုးသားအသင်းတို့အား တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်သည်။

ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် အဆိုပါပြိုင်ပွဲမှ ထူးချွန်သော ဘော်လီဘောအားကစားသမားများအား ရွေးချယ်လေ့ကျင့်၍ (၄၁)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ်ဝန်ကြီးချုပ်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၄

၂၀၁၁ ခုနှစ် မွန်ပြည်နယ် ဝန်ကြီးချုပ်ဒိုင်း မွန်ပြည်နယ် ၁၀ မြို့နယ် အမျိုးသား/ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၁ ရက် နံနက် ၈ နာရီက မော်လမြိုင်မြို့ မိုးလုံလေလုံအားကစားရုံ၌ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် တက်ရောက်ကြည့်ရှုအားပေးသည်။

ချီးမြှင့်

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် ဒုတိယဆုရ ချောင်းဆုံမြို့နယ်အသင်းအား ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်ကလည်းကောင်း၊ ပထမဆုရ ကျိုက်ထိုမြို့နယ်အသင်းအား ပြည်နယ်စာရင်းစစ်ချုပ် ဒေါ်ခင်ခင်မျိုးကလည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်များချီးမြှင့်ကြပြီး အမျိုးသားပြိုင်ပွဲတွင် ဒုတိယဆုရ ကျိုက်ထိုမြို့နယ်အသင်းအား ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ မင်းနွယ်စိုးကလည်းကောင်း၊ ပထမဆုရ ရေးမြို့နယ်အသင်းအား ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာတိုးတိုးအောင်က လည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်များကို ချီးမြှင့်ကြသည်။

ယင်းနောက် ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိကြသော အသင်းများအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေက ငွေသားဆုကို ချီးမြှင့်ပြီး အမျိုးသား/ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရအသင်းများအား ပြည်နယ်ဝန်ကြီးချုပ်က တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းဆုတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အသေးစားငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုလုပ်ငန်းခွင်သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၄

အသေးစား ပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီ၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်ခဲ့သည့် အသေးစား ငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုလုပ်ငန်းခွင် သင်တန်း အမှတ်စဉ်(၁/၂၀၁၁) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ မြန်မာ့အသေးစားချေးငွေလုပ်ငန်း (ရုံးချုပ်) သင်တန်းခန်းမ၌ကျင်းပရာ မြန်မာ့အသေးစားချေးငွေလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထိန်လင်းက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ ရုံးချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ သင်တန်းသား သင်တန်းသူ ၁၃၀ တက်ရောက်ကြပြီး သင်တန်းကို ဩဂုတ် ၅ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့အသေးစားချေးငွေလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထိန်လင်း အသေးစားငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုလုပ်ငန်းခွင် သင်တန်းအမှတ်စဉ် (၁/၂၀၁၁) ဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❖ ရွှေဖုံးမှ

ယခင်က ပျဉ်ဒရယ်ကြီးဝိုင်းတွင် သင်ပေါင်း၊ အုန်း၊ ကညင်၊ သမဲ့၊ ပြူး၊ မဒမ၊ ကနစို၊ ကျနစသည့် ဒီရေတောပေါက်ပင်များ သဘာဝအတိုင်းပေါက်ရောက်သော်လည်း လူတို့က ထိုသဘာဝပင်များကို စည်းမဲ့ ကမ်းမဲ့ ခုတ်၍ မျောတိုင်၊ ထင်း၊ မီးသွေးလုပ်ခဲ့ကြရာ တောပျောက်၍ အသုံးမဝင်သည့်ချုံများသာ မင်းမူသောအခြေအနေ ဖြစ်ခဲ့ရသည်။ အချို့ဒီရေတောများမှာလည်း ပုစွန်ကန်များအဖြစ် ဘဝပြောင်းခဲ့ရသည်။

ယခုတော့ ပျဉ်ဒရယ်ကြီးဝိုင်းသည် ပုဂ္ဂလိက ဒီရေတောစိုက်ခင်းတည်ထောင်သူတို့ကြောင့် ဒီရေတောပင်ပျိုတို့နှင့် စိမ်းစိုခဲ့ပေပြီ။ အသုံးမဝင်သော ချုံပင်များ၊ စွန့်ပစ်ပုစွန်ကန်များအစား ဒီရေတောစိုက်ပျိုးပင်များဖြင့် ပိန်းပိတ်နေလေသည်။

"ကျွန်တော်က ဖျာပုံသားတော့ မဟုတ်ဘူး၊ ဘိုကလေးမြို့နယ် ကျွန်းသာယာအုပ်စု ဉာဏ်ကွင်းရွာသားဗျ။ နာဂစ်မုန်တိုင်းဟာ ကျွန်တော်တို့ကို ဒီရေတောစိုက်ခင်းထူထောင်ဖို့ အသိပညာတွေ၊ သင်ခန်းစာတွေပေးခဲ့တာပါ။ ဘိုကလေးမြို့နယ်မှာ မိန်းမလှကျွန်းတစ်ခုပဲ ဒီရေတော သဘာဝပေါက်ပင်ရှိတယ်။ ဘာကြောင့်လဲဆိုတော့ နတ်ရဲကျွန်းဆိုပြီး ကြောက်ကြတော့ စည်းကမ်းမဲ့ သစ်ပင်ခုတ်သူမရှိလို့ပဲဗျ" ဟု ပျဉ်ဒရယ်ကြီးဝိုင်းတွင် ဒီရေတောစိုက်ခင်း ဦးဆောင်တည်ထောင်သူ ဦးစန်းတင့်က ရှင်းပြသည်။

"နာဂစ်တုန်းက မုန်တိုင်းဒီရေနဲ့ မျောပါသွားပြီး သေသူရော ရှင်သူရော အတော်များများဟာ မိန်းမလှကျွန်းသောင်ခုံမှာ သွားတင်ကြတယ်။ မိန်းမလှကျွန်းက အပျက်အစီးနည်းတယ်။ ဒီတော့မှ ဒီရေတော သဘာဝပေါက်ပင်တွေဟာ ရာသီဥတု ဆိုးရွားမှုအန္တရာယ်ကို ကာကွယ်တယ်ဆိုတာ သိလာတယ်။ ဒါ့ကြောင့် ပျဉ်ဒရယ်ကြီးဝိုင်းမှာ ဒီရေတောပင်တွေလာစိုက်ဖို့ ကျွန်တော်တို့ ဘိုကလေးသားတွေ ရောက်ခဲ့တာပေါ့။"

ဦးစန်းတင့်သည် ပျဉ်ဒရယ်ကြီးဝိုင်းအကွက်အမှတ်(၆၄)တွင် ဒီရေတောစိုက်ခင်း ထူထောင်နေသူဖြစ်သည်။ ဦးစန်းတင့်မှာ ဧက ၅၀၀ စိုက်ပျိုးနေသူဖြစ်သည်။

အကွက်အမှတ်(၆၄)သည် အရှေ့ဘက်တွင် ဦးပေချောင်း၊ အနောက်ဘက်တွင် သောင်ကဒုံးချောင်း၊ မြောက်ဘက်တွင် အကွက်အမှတ်(၆၃)တို့ တည်ရှိသည်။ ဦးစန်းတင့်က သမဲ့ပင်များ စိုက်ပျိုးသည်။

"သမဲ့ပင်က စိုက်ရတာရှင်သန်လွယ်တယ်၊ အစေ့ကြီးရုံနဲ့ ပေါက်ပြီး ကြီးထွားမြန်တယ်၊ သမဲ့ရင့်ဟာ ပရိဘောဂလုပ်ရင် ကျွန်းအသွေး၊ ကျွန်းအကွက်နဲ့ အလွန်ဆင်တူတာ" ဟူ၍ ဦးစန်းတင့်က ဆက်ရှင်းပြသည်။

ပျဉ်ဒရယ်ကြီးဝိုင်း၏ ရာသီဥတုမှာ ပူအိုက်စွတ်စိုသော ရာသီဥတုဖြစ်၍ တစ်နှစ်အတွင်း ပျမ်းမျှမိုးရေချိန်မှာ လက်မ ၁၀၀ ခန့်ရှိသည်။ ပျမ်းမျှအပူချိန်မှာ ၉၀ ဒီဂရီဖာရင်ဟိုက်ခန့်ရှိသည်။

မြေပြင်အနေအထားမှာ မြစ်ဝကျွန်းပေါ်ဒေသဖြစ်၍ ညီညာပြန့်ပြူးသည်။ မြေပြန့်၊ မြေနိမ့်၊ ဒီရေလွှမ်းသောဒေသဖြစ်သည်။ ရာသီမရွေး ရေဝပ်နေတတ်သော အိုင်များရှိပြီး အချို့မှာ သဲကုန်းတန်းငယ်လေးများ အကွက်လိုက်တည်ရှိသည်။ မြေအမျိုးအစားမှာ ရွှံ့စေးမြေဖြစ်သည်။ အချို့နေရာများမှာမူ သဲမြေနှင့် သဲဆန်သောမြေများဖြစ်သည်။ ဒီရေတောစိုက်ပျိုးမည့်သူများက ပျဉ်ဒရယ်ကြီးဝိုင်းအကွက်(၆၃၊ ၆၄၊ ၆၅)တို့တွင် ဒီရေတောပင် ဧက ၂၁၅၀ စိုက်ပျိုးနေကြသကဲ့သို့ ပျဉ်ဒရယ်ကြီးဝိုင်း အကွက်အမှတ်(၆၀၊ ၆၁၊ ၆၂)တို့တွင်လည်း ဒီရေတောစိုက်ခင်း ဧက ၄၂၀၀ ကို စိုက်ပျိုးနေကြသည်။ အဆိုပါပုဂ္ဂလိက ဒီရေတောစိုက်ခင်းစိုက်ပျိုးသူများသည် အဖွဲ့ဝင် ၂၂ ဦးဖြင့် အဏ္ဏဝါကျော်အမည်ကို ခံယူစုစည်း၍ တစ်ဦးအခက်အခဲဖြစ် လာလျှင် တစ်ဦးက ဝိုင်းဝန်းကူညီသည့်စနစ်ဖြင့် ပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပျဉ်ဒရယ်ကြီးဝိုင်းတွင် ပုဂ္ဂလိက ဒီရေတောစိုက်ခင်း ဦးစီးပျိုးထောင်သူ ဦးစန်းတင့်ထံမှ ဒီရေတောပုဂ္ဂလိကစိုက်ခင်းပျိုးထောင်လိုသူများ ဆောင်ရွက်ရမည့်နည်းလမ်းများကို သိရှိခဲ့ရသည်။

သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာနက ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ခွင့်ရရှိသူများ လိုက်နာရမည့် စည်းကမ်းချက်များနှင့် အခွင့်အရေးများကို ပြဋ္ဌာန်းပေးခဲ့သည်။

သစ်တောဦးစီးဌာနက ပုဂ္ဂလိကစိုက်ခင်း တည်ထောင်လိုသူတို့ လျှောက်ထားပါက မြေငှားရမ်းခြင်းကို နှစ် ၃၀ မြေငှားဂရန်စနစ်ဖြင့် ခွင့်ပြုသည်။ ခွင့်ပြုသည့်မြေပေါ်တွင် သတ်မှတ်ကာလအတွင်း သစ်တောဦးစီးဌာနမှ ခွင့်ပြုသည့်ဧရိယာအားလုံးကို ငှားရမ်းသူက အပြည့်အဝ စိုက်ပျိုးကြရသည်။

တည်ထောင်ပြီး စိုက်ခင်းများအား ပြုစုထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ယာယီနေအိမ် တဲများမှအပ အခြားအဆောက်အအုံများကို စိုက်ခင်းအတွင်း ဆောက်လုပ်ခွင့် မပြုချေ။ ပုဂ္ဂလိကစိုက်ခင်းတည်ထောင်ရာတွင် စိုက်ပျိုးခြင်း၊ ပြုစုထိန်းသိမ်းခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာနည်းစနစ်များကို သစ်တောဦးစီးဌာနမှ အကူအညီရယူနိုင်သည်။ ပုဂ္ဂလိကသစ်တော တည်ထောင်သူတွေကလည်း သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုမရှိစေရေးအတွက် သစ်တောဦးစီးဌာနက သတ်မှတ်ပြဋ္ဌာန်းထားသည့် သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ ပြုစုထိန်းသိမ်းခြင်းဆိုင်ရာ နည်းစနစ်များနှင့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြရသည်။

သစ်တောစိုက်ခင်းအတွက် ပင်ကျပ်နုတ်ခြင်းနှင့် နောက်ဆုံးတောထွက် (Final Yield) ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်ရယူပြီး သတ်မှတ်ထားသည့် တံဆိပ် အမှတ်အသားရိုက်မှတ်ပြီး ခုတ်လှဲခြင်း၊ ထုတ်ယူခြင်းပြုရသည်။

သစ်တောစိုက်ခင်းမှ ထွက်ရှိသော မျောတိုင်နှင့် သစ်လုံးများကို စိုက်ခင်းဧရိယာအတွင်း၌ သစ်တောဦးစီးဌာနက အကောက်တံဆိပ်ရိုက်မှတ်ပြီးသည့်အခါ သတ်မှတ်စည်းကြပ်သည့် အခွန်ငွေကို ပေးသွင်းကြရသည်။ အခွန်ငွေပေးဆောင်ပြီးသောမျောတိုင်နှင့် သစ်လုံးများကို နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒများ၊ သစ်တောဦးစီးဌာန၏ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြည်တွင်းသုံးစွဲရန်အတွက် ရောင်းချနိုင်သည်။

သစ်တောစိုက်ခင်းများမှ ထွက်ရှိသော မျောတိုင်နှင့်သစ်လုံးများကို ပြည်ပသို့ တင်ပို့ရောင်းချလိုလျှင်လည်း မြန်မာ့သစ်လုပ်ငန်းနှင့် ဆက်သွယ်ညှိနှိုင်း၍ တည်ဆဲလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရသည်။

"ကိုင်းတက် ချိုင်တာတို့၊ ပင်ကျပ်နုတ်တာတို့လုပ်တဲ့အခါ ထင်းအဖြစ်ရနိုင်ပါတယ်။ နောက်ဆုံးတောထွက်အပင်တွေကို ခုတ်လှဲထုတ်ရင် သစ်တောက တောရှင်းသွားတဲ့အခါ ပတ်ဝန်းကျင် ထိန်းသိမ်းမှုကို မထိခိုက်နိုင်ဘူးလား" ကျွန်တော်၏ မေးမြန်းမှုကို ဦးစန်းတင့်က စိတ်ရှည်လက်ရှည်ရှင်းပြခဲ့သည်။

"ကျွန်တော်တို့က ဆုတ်တက်စိုက်သွားကြတာပါ။ ခုတ်ပေမယ့် တစ်ဖက်ကလည်း အလျဉ်မပြတ် စိုက်ပျိုးနေတာပါ။ (Final Yield) ခုတ်လှဲပေမယ့် သစ်တောပြုန်းတီးမသွားပါဘူး။ ယခုဆိုလျှင် ဒီ ၂၀၁၁ ခုနှစ် မကုန်မီမှာ စွန့်ပစ်ပုစွန်ကန်တွေမှာပါ နောက်ထပ် ဧကပြည့်မီအောင် စိုက်ပျိုးကြမှာပါ။"

မှန်ပါသည်၊ ဦးစန်းတင့်တို့သည် ၂၀၀၉ ခုနှစ်က သစ်တောဦးစီးဌာနနှင့် စာချုပ်ချုပ်ဆို၍ စတင်စိုက်ပျိုးခဲ့သူများဖြစ်ကြသည်။ ထို့ကြောင့် ၎င်းတို့စိုက်ကွင်းထဲတွင် နှစ်သား၊ လသား၊ ရက်သား သမဲ့အပင်များ ညို့မှိုင်းပိန်းပိတ်နေသကဲ့သို့ ကျန်ဧကများကိုလည်း စနစ်တကျစိုက်ပျိုးနေသည်ကို တွေ့ရပေသည်။

ဆူနာမီအတွေ့အကြုံအရ ဒီရေတောမပြုန်းတီးသောရွာသည် ဒီရေတော ပြုန်းတီးသော ရွာလောက် ရာသီဥတုဒဏ်မခံရကြောင်း ပညာရှင်တို့က အတည်ပြုထားပြီးဖြစ်သည်။ နာဂစ်မုန်တိုင်း ဧရာဝတီတောင်ခြမ်းကို ဝင်ရောက်စဉ်က ဒီရေတော မပြုန်းတီးသော မိန်းမလှကျွန်းက အဆိုပါသက်သာခွင့်ရခဲ့ကြောင်း သက်သေပြထားလေသည်။

"သစ်တောစိမ်းမှ စမ်းရေရ၏။
ဥတုရာသီ တောကိုမှီ၏။
တောမဲ့မြေသား ရေတိုက်စား၏။
တောတောင်တင့်တယ် စားကျက်ကြွယ်၏။
တောတောင်ခြောက်ခန်း လယ်ယာနွမ်း၏"

ဟူသော သစ်တောဦးစီးဌာန၏ ပညာပေးစာတန်းများကို အမှတ်တမဲ့ မပြုဘဲ သတိထားလိုက်နာကြရင်း သဘာဝဘေးဒဏ်လည်းကာကွယ်၊ ပုဂ္ဂလိကစီးပွားရေးလည်း တွင်ကျယ်မည့် ဒီရေတောစိုက်ခင်းများကို ဒီရေတော ခုတ်လွန်တောပျက်များ၊ စွန့်ပစ်ပုစွန်ကန်များတွင် တိုးချဲ့စိုက်ပျိုးကြရန် နှိုးဆော်တင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ဒီရေတောစိုက်ခင်းစိုက်ပျိုးနေကြသည်ကို ဤသို့ တွေ့မြင်ရသည်။

မြင့်မောင်စိုး-ရေးသားသည်

ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ စပိန်အသင်း အီကွေဒေါကို အနိုင်ရ

ဘာရန်ကွီလာ(ကိုလံဘီယာ) ဩဂုတ် ၄

ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဩဂုတ် ၃ ရက် ညပိုင်းက ကိုလံဘီယာ နိုင်ငံ၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ အုပ်စု(ဂ) မှ စပိန်အသင်းက အီကွေဒေါအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ရှုံးထွက် ၁၆ သင်းအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ဂိုးသွင်းယူခဲ့

စပိန်အသင်းအတွက် အဖွင့်ဂိုးကို ရီးရဲမက်ဒရစ်ကစားသမား ဆာဂျီယိုကာနာလက်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ပွဲချိန် ၅၆ မိနစ်တွင် ကွင်းလယ်ကစားသမား ကာနာလက် လူစားဝင်ကစားပြီး စပိန်အသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ၆၇ မိနစ်တွင် အနီးကပ်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယအနိုင်ဂိုးကို ပွဲချိန် ၈၅ မိနစ်တွင် အယ်လ်ဗာရီဇက်စကွက်က သွင်းယူခဲ့ခြင်းဖြစ်သည်။ အုပ်စု (ဃ)မှ ဆော်ဒီအာရေဗျအသင်းက ဂွါတီမာလာအသင်းကို ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရလိုက်ပြီး နောက်တစ်ဆင့်တက်ရန် သေချာသွားပြီဖြစ်သည်။

စပိန်အသင်းအတွက် အဖွင့်ဂိုးကို ကွင်းလယ်ကစားသမား ကာနာလက်(လယ်) ဂိုးသွင်းပြီး ဤသို့ အောင်ပွဲခံခဲ့သည်။

ထိုအတောအတွင်း ခရိုအေးရှားအသင်းက နိုင်ဂျီးရီးယားအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် ရှုံးခဲ့သည်။ ကော်စတာရီကာအသင်းသည် ဩစတြေးလျအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်လိုက်သဖြင့် ဒုတိယအကျော့ပြိုင်ပွဲသို့ တက်ရောက်ရန် မျှော်လင့်ချက် ရှင်သန်လာသည်။
(အင်တာနက်)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ဇူလိုင် ၃၀ ရက်က အမှုဆောင်အရာရှိ ဦးမြင့်ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

လပွတ္တာမြို့နယ် ရွှေနဒီရေပေါ်ဈေး ဆိပ်ခံတံတားအမှတ် (၃) တည်ဆောက်ခြင်းလုပ်ငန်းကို ဇူလိုင် ၂၉ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးကိုကိုနှင့်အဖွဲ့ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

သထုံမြို့နယ် သုဝဏ္ဏဈေးအတွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှုဆောင်အရာရှိ ဦးမြင့်သိန်းနှင့် ဒုတိယဦးစီးမှူး(ဈေး) ဒေါ်ယုယုဇော်တို့ ကြီးကြပ်၍ ဇူလိုင် ၂၅ ရက်က ရေမြောင်းများအတွင်းရှိ နုန်းနှင့်အမှိုက်များ ရှင်းလင်းကြစဉ်။ (မြို့နယ်စည်ပင်)



ကျုံပျော်မြို့နယ် ခဲဘောင်ဘက်ကမ်း မြို့အဝင်ဆိုင်းဘုတ်အသစ်ပြုလုပ်ခြင်းလုပ်ငန်းကို ဇူလိုင် ၂၇ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

လှိုင်လင်မြို့နယ် နောင်တောင်းစိမ့်စမ်းရေထွက် သန့်ရှင်းရေးအတွက် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးကျော်သူရနှင့်ဝန်ထမ်းများ ဇူလိုင် ၁၆ ရက်က ရေမှော်နှင့်အမှိုက်များ ဆယ်ယူကြစဉ်။ (မြို့နယ်စည်ပင်)

မအူပင်၌ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

မအူပင် ဩဂုတ် ၄

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ရေသယံဇာတ ထိန်းသိမ်းရေးနှင့် သဘာဝငါးမျိုးများ တိုးပွားစေရေးအတွက် ဇူလိုင် ၂၃ ရက်က မအူပင်မြို့နယ် မလက်တိုကျေးရွာအုပ်စုတွင် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပသည်။ **(အပေါ်ပုံ)**

ငါးမျိုးစိုက်ထည့်

အဆိုပါအခမ်းအနားတွင် မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိန်သောင်းနှင့် ဝန်ထမ်းများ၊ တလုပ်လှ ငါးလုပ်ငန်း စခန်းဦးစီးအရာရှိ ဦးမြင့်မောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအေးထွန်းနှင့် ဒေသခံပြည်သူများက မလက်တိုကျေးရွာအုပ်စုရှိ လယ်သမားငါးဦး၏ စပါးခင်း ဧက ၅၀ အတွင်းသို့ ငါးခုံးမကြီးကောင်ရေ ၂၅၀၀၀ နှင့် လှိုင်းတာရေတံခါး သဘာဝရေပြင်အတွင်းသို့ ငါးခုံးမကြီး၊ ရွှေဝါငါးကြင်း၊တီလားပီးယားကောင်ရေ သုံးသိန်းကို ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မိုးစပါးအထွက်နှုန်းများမှန်ကန်ရေး တိုက်ကြီးမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

တိုက်ကြီး ဩဂုတ် ၄

တိုက်ကြီးမြို့နယ် တာခွကျေးရွာအုပ်စု ကွင်းအမှတ်(၆၉၃) ကွင်းတွင် ၂၀၁၁-၂၀၁၂ မိုးစပါး အမှန်စိုက်ဧကနှင့် အထွက်နှုန်းများ မြေပြင်စာရင်းအမှန်ကောက်ယူရေးလုပ်ငန်းနှင့် မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧကမှန်ကန်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေ၊ ဗဟိုမြေစာရင်း ဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးသန်းနှင့် ရန်ကုန်တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးကျင်ထွန်းတို့သည် ဩဂုတ် ၂ ရက်က အဆိုပါလုပ်ငန်းခွင်များသို့ ကွင်းဆင်းစစ်ဆေးပြီး လသာကုန်းကျေးရွာမှ တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်မြင့်မားစေရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးရေး နည်းစနစ်များနှင့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ သုံးစွဲရေး တွေ့ဆုံဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် တောင်သူများက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

စီမံကိန်းတာဝန်ပေးအပ်ပွဲ လွိုင်လင်၌ ကျင်းပ

လွိုင်လင် ဩဂုတ် ၄

ရှမ်းပြည်နယ် လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၃၀ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကြည်က အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းရုံးမှ ဦးစီးအရာရှိ ဦးညီညီထွန်းက စီမံကိန်းရည်မှန်းချက်များနှင့်ပတ်သက်၍ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက စီမံကိန်း ရည်မှန်းချက် တာဝန်ပေးအပ်လွှာများကို မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများအား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၁၈၉)

သစ်ပင်စိုက်ပျိုးပွဲ ဖာပွန်မြို့နယ်၌ကျင်းပ

ဖာပွန် ဩဂုတ် ၄

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၂ ရက် မွန်းလွဲ ၂ နာရီက ဖာပွန်ခရိုင် ဖာပွန်မြို့ရှိ ခရိုင်ရဲတပ်ဖွဲ့မှူး ရုံးဝင်းအတွင်း၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောမြတ်ထွဋ်ဝင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နိုင်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှူး ဦးအောင်ဇော်ဦးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်၍ ကျွန်းနှင့် မဟော်ဂနီအပင် ၂၅၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(အပေါ်ဝဲပုံ)(မြို့နယ် ပြန်/ဆက်)

ဇန်းမော်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းဦးနှင့် အဖွဲ့ဝင်များ ဇူလိုင် ၂၀ ရက်က မံရွတ်ကျေးလက်ဆေးပေးခန်းတွင် အာဟာရချို့တဲ့သည့် ကလေးငယ်များအား ကိုယ်အလေးချိန်စစ်ဆေးကြစဉ်။

(ခရိုင် ပြန်/ဆက်)

သဲတော-ဝမ်းတွင်းအထက်တန်းကျောင်း မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ဝမ်းတွင်း ဩဂုတ် ၄

ဝမ်းတွင်းမြို့ သဲတော-ဝမ်းတွင်းအထက်တန်းကျောင်းတွင် ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစား ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၁၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် သဲတော-ဝမ်းတွင်း အထကခန်းမ၌ကျင်းပမည်ဖြစ်ရာ ကိုသန်းမြတ်စိုး ဖုန်း-၀၉-၂၁၆၅၄၄၁၊ ကိုတင်ထွန်းအောင် ဖုန်း-၀၉-၄၇၁၀၉၀၅၃၊ ကိုမျိုးမင်းစိုး ဖုန်း-၀၉-၂၁၆၅၄၉၂၊ ကိုထွန်းလင်းအောင် ဖုန်း-၀၉-၂၁၆၆၂၃၆၊ ကိုဝင်းကို ဖုန်း-၀၉-၄၇၁၀၉၅၆၄၊ ကိုရဲထွဋ်ခိုင် ဖုန်း-၀၉-၄၇၁၀၉၀၈၁၊ ဦးပါကြီး ဖုန်း-၀၉-၄၉၂၁၉၀၀၃၊ ဒေါ်မြင့်မြင့်သန်း(ဒေါ်စူး) ဖုန်း-၀၆၄-၅၀၄၉၅၊ မခင်မူ ဖုန်း-၀၉-၂၁၆၅၁၉၂၊ ကိုဇော်လှိုင်(ရန်ကုန်) ဖုန်း-၀၉-၅၀၂၈၄၈၆၊ ကိုခင်မောင်သန်း(ရန်ကုန်)ဖုန်း-၀၉-၄၉၃၂၇၆၀၀၊ ဦးခင်မောင်ဝင်း (မန္တလေး) ဖုန်း-၀၉-၂၁၆၅၇၇၊ ကိုကျော်စိုးလင်း (မန္တလေး) ဖုန်း-၀၉-၂၀၂၃၂၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၄၁၄)



ဖခင်ကြီး ဦးတင်သိန်း (ငြိမ်း-စိုက်၊ဘဏ်)-ဒေါ်လုံးတင်၊ အစ်မကြီး မယဉ်ယဉ်မြင့် (ငြိမ်း-ကုန်သွယ်ရေး) နှင့် မောင်ကြီး မောင်သိန်းမြင့် (အိုး/အိမ် ဦးစီး)တို့အား ရည်စူး၍ ဦးတင်ဝင်း - ဒေါ်သန်းသန်းဝင်း (ရန်ကုန်ကွန်ပျူတာတက္ကသိုလ်) တို့က ရန်ကုန်မြို့ ရွှေတိဂုံစေတီထာဝရဘက်စုံနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) တို့အတွက် အလှူငွေကျပ် ၁၂၆၉၀၀ စီကို ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌသို့ ပေးအပ်လှူဒါန်းစဉ်။

(မြန်မာ့အလင်း)

ကန့်ဘလူမြို့ ဘူတာလမ်းတစ်လျှောက်ရှိ လမ်းလယ်ကျွန်း ပန်းအလှပင်များ ဖြတ်ညှိပြုပြင်ထိန်းသိမ်းခြင်းကို ဇူလိုင် ၂၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၄

စာကြည့်တိုက်အဆောက်အအုံသစ် ရှာငံ၌ဖွင့်

ရှာငံမြို့နယ် ရေဦး ကျောက်မြောင်းကျေးရွာ၌ ပညာဂုဏ်ရောင်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၂၂ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ကျင်းပရာ အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကို၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းမော်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်တို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ***(အောက်ပုံ)***

ဆက်လက်၍ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌက ၂၁လက်မရောင်စုံရုပ်မြင်သံကြားစက်တစ်လုံး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူက EVD စက်တစ်လုံး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးတို့က စာအုပ်စာစောင်များနှင့် အလှူရှင်များက ပရိဘောဂများ၊ အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြသည်။

အဆိုပါစာကြည့်တိုက်ကို နိုင်ငံတော်မတည်ငွေနှင့် ပြည်သူများ၏ ထည့်ဝင်ငွေ စုစုပေါင်း ၃၂သိန်းကျော်ဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ အလှူငွေနှင့်စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့်စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ဓာတ်အားခွဲရုံများ ကြည့်ရှုစစ်ဆေး
စီမံကိန်းလုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးမှာကြား

ရွှေစာရံ ပင်မဓာတ်အားခွဲရုံ

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး (၂၃၀)ကေဗွီ ရွှေစာရံ ပင်မဓာတ်အားခွဲရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၄

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဩဂုတ် ၂ ရက် ညနေ ၄ နာရီတွင် မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ်ရှိ (၂၃၀)ကေဗွီ မြောက်ပြင် ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိရာ ခွဲရုံအစည်းအဝေးခန်းမ၌ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာန (မြောက်ပိုင်း) စီမံကိန်းမန်နေဂျာက စီမံကိန်းမန်နေဂျာရုံး မန္တလေးမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများပြီးစီးမှု၊ (၆၆)ကေဗွီ ကျောဓာတ်အားခွဲရုံ မြေနေရာလျာထားမှု၊ ကျောဓာတ်အားခွဲရုံမှ (၆၆) ကေဗွီ ဓာတ်အားလိုင်းဖြင့် ဓာတ်အားပေးရန် (၆၆)ကေဗွီ ကျော-ဂန့်ဂေါ-ဟားခါး ဓာတ်အားလိုင်း လိုင်းအူကြောင်း တိုင်းတာဆောင်ရွက်မှုများနှင့် မြောက်ပြင် ပင်မဓာတ်အားခွဲရုံတွင် တည်ဆောက်လျက်ရှိသော မြို့ပြတည်ဆောက်ရေးလုပ်ငန်းများပြီးစီးမှု၊ Switch Yard တည်ဆောက်မှုနှင့် ပစ္စည်းများရောက်ရှိမှု၊ (၂၃၀/၃၃/၁၁)ကေဗွီ (၁၀၀)အမ်ဗွီအေ ထရန်စဖော်မာနှစ်လုံး တပ်ဆင်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြရာ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(မြောက်ပိုင်း) ညွှန်ကြားရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာက မြောက်ပြင်ပင်မဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက မန္တလေးတိုင်းဒေသကြီးအတွင်း ဓာတ်အားဖြန့်ဖြူးမှု ပိုမိုတိုးတက်ကောင်းမွန်လာစေရေး ဆောင်ရွက်ထားရှိမှု၊ မန္တလေးခရိုင်အတွင်း ဓာတ်အားဖြန့်ဖြူးမှု၊ ပြည်လုံးကျော် ပင်မဓာတ်အားခွဲရုံ မြေနေရာရွေးချယ်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စီမံကိန်းလုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးရေး မှာကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁

မှတ်သားဖွယ်ရာ မိုးရေချိန်များ ၄-၈-၂၀၁၁

သံတွဲမြို့	၇ ဒသမ ၂၄ လက်မ
တောင်ကုတ်မြို့	၄ ဒသမ ၅၇ လက်မ
ဘားအံမြို့	၃ ဒသမ ၆၆ လက်မ
သထုံမြို့	၃ ဒသမ ၃၉ လက်မ
မြောင်းမြမြို့	၂ ဒသမ ၉၅ လက်မ
ညောင်လေးပင်မြို့	၂ ဒသမ ၇၆ လက်မ
ကော့ကရိတ်မြို့	၂ ဒသမ ၇၆ လက်မ

ရွှေကျင်မြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၄

ရွှေကျင်မြစ်ရေသည် ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြို့တွင် ၆၇၅ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၀၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)